မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ခမ္မပဒ-၁၁၂)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ တနလာ်နေ့ အတွဲ(၆၆)၊ အမှတ်(၀၄၀)

ယနေ့ မိုးလေဝသ

(၉-၁၁-၂၀၂၆)

နေပြည်တော်

မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေး

မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုးပိုလာနိုင်

နေပြည်တော် နိုဝင်ဘာ ၈

နိုဝင်ဘာ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/၈လ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မြန်မာ့ရိုးရာပွဲစျေးနှင့် မြန်မာ့ပရိဘောဂပြပွဲ(၂၀၂၆)တို့သို့ သွားရောက်ကြည့်ရှုအားပေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ့ပရိဘောဂပြပွဲ (၂၀၂၆) တွင် ခင်းကျင်းပြသထားသည့် ပြကွက်တစ်ခုချင်းစီအလိုက် ကြည့်ရှုအားပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ (YCC) တွင် မြန်မာ့ရိုးရာများကို မျိုးဆက်သစ် လူငယ်များထံသို့ လက်ဆင့်ကမ်းပေးလိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပ ပြုလုပ်လျက်ရှိသည့် "မြန်မာ့ရိုးရာပွဲစျေး" သို့ ယနေ့ နံနက်ပိုင်းတွင်သွားရောက်ကြည့်ရှုအားပေးချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐



ပြည်ထောင်စုနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ နေပြည်တော်အတွင်း အထင်ကရနေရာများ လေ့လာ

နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား နေပြည်တော်အတွင်းရှိ အထင်ကရနေရာများ လာရောက် လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်

စာမျက်နှာ ၄ ကော်လံ ၁ ✻

တနင်္သာရီတိုင်းဒေသကြီး ရေထွက်ကုန်မွေးမြူရေးကဏ္ဍ ငါးမျိုးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၉၃ သန်းရရှိခဲ့

ရန်ကုန် နိုဝင်ဘာ ၈

နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွား တိုးတက်ရေး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေး လုပ်ငန်းစဉ်များကို အထောက် အကူပြုနေသည့် ရေထွက်ကုန် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ တည်ရှိရာ တနင်္သာရီတိုင်းဒေသကြီး၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင်



စာမျက်နှာ ၅ ကော်လံ ၁ ✪

ကုန်ဈေးနှုန်းမျှတရေးသည် ပြည်သူ့အကျိုးစီးပွား၏ အခြေခံ

ဆောင်းပါး စာ ၁၀

အကန့်အသတ်မရှိသော လိုအင်ဆန္ဒနှင့် အကန့်အသတ်ရှိသော ပြည်သူ့ဘဏ္ဍာ

ဆောင်းပါး စာ ၁၆



အသိသတိဖြင့် ကြိုတင်ကာကွယ်ပြင်ဆင် ခံနိုင်ရည်စွမ်းအား မြင့်မားရန် မြှင့်တင်

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၃၀ ကျော်တို့တွင် အစိုးရများက ပြည်သူများကို အရေးပေါ် စားရေရိက္ခာနှင့် လိုအပ်သည့် ပစ္စည်းများ ကြိုတင်စုဆောင်းထားကြရန် တိုက်တွန်းနှိုးဆော်ထားကြသည်။ ၎င်းတို့၏ ရည်ရွယ်ချက်က ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများ တစ်ပြိုင်နက်တည်း ဖြစ်လာနိုင်ခြေရှိမှုအပေါ် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တိုင်းပြည်၏ ခံနိုင်ရည်စွမ်းအားကို မြှင့်တင်ရန်ဖြစ်သည်။

ဤအခြေအနေသည် ရုတ်တရက် စစ်ကြီးဖြစ်ပွားတော့မည်သို့မဟုတ် ချက်ချင်းကြီး ဘေးဒုက္ခကျရောက်တော့မည်ဟူ၍ ကြေညာခြင်းမျိုးမဟုတ်ဘဲ ခေတ်သစ်လူနေမှုစနစ်၏ ထောက်ပံ့ရေး လမ်းကြောင်းများ သို့မဟုတ် နည်းစနစ်များ ရုတ်တရက်ပြတ်တောက်မှု ဖြစ်သွားပါက မိမိဘာသာ အနည်းဆုံး ၇၂ နာရီမှ ၁၀ ရက်အထိ ရပ်တည်နိုင်ကြစေရန်ဖြစ်သည်။ အဓိကတွန်းအားပေးနေသည့် အကြောင်းရင်းများတွင် ပထဝီနိုင်ငံရေး တင်းမာမှုနှင့် စစ်မက် အန္တရာယ်များဖြစ်သည့် ယူကရိန်း-ရုရှား ပဋိပက္ခနှင့် အရှေ့အလယ်ပိုင်း စစ်မက်တင်းမာမှုများကြောင့် ကမ္ဘာ့ထောက်ပံ့ရေး လမ်းကြောင်းများ ပြတ်တောက်နိုင်ခြေ အလွန်မြင့်မားနေခြင်းဆိုသည့် အချက်တစ်ရပ် ပါဝင်သည်။ သို့ဖြစ်ရာ ဆွီဒင်၊ နော်ဝေ၊ အက်စ်တိုးနီးယား စသည့် နိုင်ငံများက စစ်ပွဲနှင့် အရေးပေါ်အခြေအနေများအတွက် အိမ်ထောင်စုများကို အနည်းဆုံး တစ်ပတ်စာ ရိက္ခာစုဆောင်းရန် အလေးအနက် ညွှန်ကြားထားသည်။

နောက်ထပ် အကြောင်းတစ်ခုမှာ ဆိုက်ဘာတိုက်ခိုက်မှုနှင့် စနစ်များ ပြတ်တောက်နိုင်ခြေတို့ကြောင့် ဖြစ်သည်။ မျက်မှောက်ခေတ် ကုန်တိုက်ကြီးများနှင့် စားနပ်ရိက္ခာ ဖြန့်ဖြူးရေးစနစ်များသည် အင်တာနက်နှင့် နည်းပညာအပေါ် လုံးဝမှီခိုနေရာ မကြာမီက ဥရောပ ရှိ ဈူပါမတ်ကက်များ ဆိုက်ဘာတိုက်ခိုက်ခံရမှုကြောင့် အအေးခန်းစနစ်များ ပျက်စီးခဲ့ပြီး အစားအစာများ လေလွင့်ဆုံးရှုံးခဲ့ရသည်။ ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ဘဏ်စနစ်၊ လျှပ်စစ်နှင့် အင်တာနက်လိုင်းများ ပြတ်တောက်သွားပါက အစားအသောက်ဝယ်ယူရန် ခက်ခဲသွားနိုင်သဖြင့် ကြိုတင်ပြင်ဆင်စေခြင်းဖြစ်သည်။ နောက်ဆုံး အကြောင်းရင်းမှာ စူပါအယ်လ်နီညိုနှင့် ရာသီဥတု ဆိုးရွားပြင်းထန်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍ ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်ပြီး ကမ္ဘာ့ရိက္ခာထုတ်လုပ်မှုလျော့ကျလာနိုင်ခြေရှိနေခြင်းကြောင့်ဖြစ်သည်။ ထို့အပြင် သဘာဝဘေးအန္တရာယ်များကြောင့် အခြေခံအဆောက်အအုံများ ပျက်စီးပါက အစိုးရများက ပြည်သူအားလုံးထံ ချက်ချင်းအကူအညီ မပေးနိုင်ဘဲ လစ်ဟင်းမှုများ ရှိလာနိုင်၍ ဖြစ်သည်။

နိုင်ငံတကာ မီဒီယာများ၏ ဖော်ပြချက်များအရ အရေးပေါ် အခြေအနေများအတွက် ပြည်သူများကို ရိက္ခာနှင့်ရေ ကြိုတင်စုဆောင်းရန် လမ်းညွှန်ချက်ထုတ်ပြန်ထားသည့် နိုင်ငံများတွင် ဥရောပမှ ၁၇ နိုင်ငံ၊ အာရှမှ ၆ နိုင်ငံ၊ မြောက်အမေရိကမှ ၃ နိုင်ငံ၊ တောင်အမေရိကမှ ၄ နိုင်ငံ၊ အိုးရှနီးနီးယား ၂ နိုင်ငံ၊ အာဖရိက ၁ နိုင်ငံတို့ ပါဝင်သည်။ ဤသို့ ကြိုတင်စုဆောင်းစေမှုသည် ကမ္ဘာပျက်တော့မည်ကို ဝိုးဝိုးဝါးဝါး လုပ်နိုင်းခြင်းမဟုတ်ဘဲ "နိုင်ငံသားတိုင်း အခြေခံ အသိသတိရှိစေရန်"နှင့် အရေးပေါ်အခြေအနေများတွင် ဖုန်းနှင့် အင်တာနက်ကိုသာ လုံးဝပုံအော မယုံကြည်ကြရန် သတိပေးလို့ခြင်းဖြစ်ကြောင်း ဗြိတိန်အစိုးရ အကြီးအကဲတစ်ဦးက ရှင်းလင်းပြောကြားထားသည်။ ထို့ပြင် အစိုးရအနေဖြင့် ရေကြီးခြင်း သို့မဟုတ် မုန်တိုင်းဒဏ်ကြောင့် ဓာတ်အားပြတ်တောက်ခြင်းတို့ ဖြစ်ပါက အဝေးပြင်းတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်မီ မလုပ်ဆောင်နိုင်သေးသဖြင့် ပြည်သူများ ၃ ရက်စာ ရိက္ခာရှိနေမည်ဆိုလျှင် အစိုးရအနေဖြင့် အကူအညီ အလိုအပ်ဆုံးနေရာများကို ပိုမိုထိရောက်စွာ အာရုံစိုက် ကယ်ဆယ်နိုင်မည်ဖြစ်သောကြောင့်ဖြစ်သည်။

အမျိုးသားအဆင့် အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေး လှုပ်ရှားမှုများက နိုင်ငံလုံးဆိုင်ရာ ခံနိုင်ရည်စွမ်းအားကို မြှင့်တင်ထားပြီး ဖြစ်လာနိုင်ဖွယ်ရှိသည့် စစ်မက်၊ သဘာဝဘေးနှင့် ဆိုက်ဘာတိုက်ခိုက်မှုတို့ကို ရင်ဆိုင်ကျော်လွှားနိုင်ကြစေရန်ဖြစ်သည်။ ယခုအခါ မိမိတို့နိုင်ငံသည်လည်း စူပါအယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပုံမမှန်သည့် ရာသီဥတုနှင့် ဆိုးရွားပြင်းထန်သည့် မိုးလေဝသဖြစ်စဉ်များကို ရင်ဆိုင်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး စသည်ဖြင့် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပြီး ခံနိုင်ရည်စွမ်းအား မြင့်မားစေရန် မြှင့်တင်မှုများ ပြုလုပ်လျက်ရှိသည်။

ဘေးအန္တရာယ်ကို ရင်ဆိုင်ကြရာတွင် အကောင်းဆုံး အခြေအနေကို မျှော်လင့်ထားရမည်ဖြစ်သော်လည်း အဆိုးဆုံးအခြေအနေအတွက် ကြိုတင်ပြင်ဆင်ထားရမည်သာဖြစ်သည်။ ကြိုတင်ပြင်ဆင်ခြင်းသည် ကြောက်ရွံ့ခြင်းကြောင့် မဟုတ်ဘဲ အသိသတိရှိခြင်းကြောင့်သာ ဖြစ်သည်။ စနစ်တကျ ကြိုတင်ပြင်ဆင်ကြခြင်းအားဖြင့် ဆုံးရှုံးမှုဖြစ်နိုင်ခြေများကို အနည်းဆုံးသို့ လျှော့ချနိုင်ပြီး အကူအညီ လိုအပ်သူများကို ပိုမိုဦးစားပေးနိုင်စေမည်ဖြစ်ရာ လူတိုင်းကောင်းစွာကြိုတင်ပြင်ဆင်မှုဖြင့် ခံနိုင်ရည်စွမ်းအားမြှင့်တင်ထားကြရပါမည့်အကြောင်း။ ။

ဟုမ္မလင်းမြို့၏ တောင်-အရှေ့တောင်ဘက်ကို ဗဟိုပြု၍ အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် နိုဝင်ဘာ ၈

ယနေ့မြန်မာစံတော်ချိန် နံနက် ၆ နာရီ ၃၉ မိနစ် ၅၉ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ မြောက်-အရှေ့မြောက်ဘက် ၅၈ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဟုမ္မလင်းမြို့၏ တောင်-အရှေ့တောင်ဘက် ၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄.၈၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄.၉၄ ဒီဂရီ၊ အနက် ၁၁၀ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃.၅ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင် တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/၈လ

အုတ်တွင်းမြို့၏ အနောက်-အနောက်တောင်ဘက်ကို ဗဟိုပြု၍ အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် နိုဝင်ဘာ ၈

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ ၂၄ မိနစ် ၄၇ စက္ကန့်အချိန်တွင် တောင်ငူမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (အုတ်တွင်းမြို့၏ အနောက်-အနောက်တောင်ဘက် ၁၁ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၈.၈၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆.၂၄ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃.၈(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/၈လ

နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၈-၁၁-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

စဉ်	တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့များ	အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ်	အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက်
၁။	ချောက်မြို့	၃၅.၆	၉၆.၁
၂။	ထားဝယ်မြို့	၃၅.၅	၉၅.၉
၃။	ဖောင်းတူမြို့	၃၅.၃	၉၅.၅
၄။	ညောင်လေးပင်မြို့	၃၅.၀	၉၅.၀
၅။	ကျောက်ဆည်(လွန်ကျော်)	၃၅.၀	၉၅.၀
၆။	မြင်းခြံမြို့	၃၄.၅	၉၄.၁
၇။	ဟသံတမြို့	၃၄.၅	၉၄.၁
၈။	ရေးမြို့	၃၄.၅	၉၄.၁
၉။	ငါးသိုင်းချောင်းမြို့	၃၄.၄	၉၃.၉
၁၀။	ပဲခူးမြို့	၃၄.၃	၉၃.၇

၈ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉ - ၁၁ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနာ	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၃၀	၄၆၈၅	၄၆၃၅	၄၅၄၅	၄၆၈၅	၄၇၀၀	၄၇၀၅	၄၆၃၅	၄၉၈၀	၅၀၁၀	၄၆၃၅	၄၇၀၀	၄၇၂၅	၄၆၈၅	၄၆၉၅	၄၉၂၅
95 Ron	၄၄၅၀	၄၇၀၅	၄၆၆၀	၄၅၆၅	၄၇၁၀	၄၇၂၅	၄၇၆၀	၄၆၃၅	၅၀၀၅	၅၀၃၅	၄၆၆၀	၄၀၀၅	၄၇၅၀	၄၇၀၅	၄၇၁၅	၄၉၄၅
HSD (500 ppm)	၄၄၅၅	၄၇၀၅	၄၆၅၅	၄၅၇၀	၄၇၁၀	၄၇၂၀	၄၇၄၅	၄၆၄၀	-	၅၀၂၀	၄၆၅၅	၅၂၅၀	၄၇၄၅	၄၇၀၅	၄၇၁၅	၄၉၄၅
HSD (50 ppm)	၄၅၂၀	၅၆၀၅	၅၆၂၅	၅၅၄၅	၅၆၀၀	၅၆၀၅	၄၇၂၅	၅၆၀၅	၅၉၀၅	၆၀၀၅	၅၆၂၅	၅၈၂၀	၅၇၀၅	၅၆၀၅	၅၆၀၅	၅၉၀၅
HSD (10 ppm)	၄၅၂၀	၅၆၀၅	၅၆၂၅	၅၅၄၅	၅၆၀၀	၅၆၀၅	၄၇၂၅	၅၆၀၅		၆၀၀၅	၅၆၂၅	၅၈၂၀	၅၇၀၅	၅၆၀၅	၅၆၀၅	၅၉၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၀၄	၄၄၂၄
95 Ron	၄၃၂၇	၄၄၄၈
HSD (500 ppm)	၄၃၄၆	၄၄၆၂
HSD (50 ppm)	၅၂၆၅	၅၄၀၀
HSD (10 ppm)	၅၂၆၅	၅၄၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂။ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာစာထွန်း
ဘာသာပြန်စာတည်း - ခြွေးစွန်ခွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွဲ.ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၄၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၁၊ ဦးစီး ၀၁-၅၄၄၃၁၅၊ ဒွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၄၃၁၂၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဖော်ညွှန်း၍ သီဆိုကပြဖျော်ဖြေလျက်ရှိသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ တေးသရုပ်ဖော်အကများကို ကြည့်ရှုအားပေးစဉ်။

❐ *ရှေ့ဖိုးမှ*

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားသို့ ရောက်ရှိကြရာ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Myanmar Cultural Heritage Trust-MCHT) မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဖျော်ဖြေပွဲခန်းမသို့ ရောက်ရှိကြပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်း စောင့်ရှောက်ခြင်းကို ဖော်ညွှန်း၍ သီဆိုကပြ ဖျော်ဖြေလျက်ရှိသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ရိုးရာအကအလှများ၊ တေးသရုပ်ဖော်အကများ၊ မြန်မာ့ရိုးရာ ရုပ်သေးကြိုးဆွဲအက၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့်အက အလှများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသား ရိုးရာအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပွဲစျေးအတွင်း ခင်းကျင်းထားသည့် မြန်မာ့ရိုးရာ အစားအစာပြခန်းများ၊ ရိုးရာအဝတ်အထည်ပြခန်းများ၊ နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအသီးသီးမှ ထွက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုအားပေးခဲ့ပြီး ပြခန်းအလိုက် တာဝန်ခံများ၏ ရှင်းလင်းမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

စာမျက်နှာ ၄ သို့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မြန်မာ့ရိုးရာပွဲစျေးခွံ ခင်းကျင်းပြသထားသည့် ပြခန်းအား ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ခင်းကျင်းပြသထားသည့် မြန်မာ့ရိုးရာအစားအစာပြခန်းအား ကြည့်ရှုအားပေးစဉ်။

- ပွဲတော်ရက်အတွင်း မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ရိုးရာအဝတ်အထည်များ၊ မြန်မာ့စားဖွယ် ပြုလုပ်နည်း သရုပ်ပြပွဲများ၊ စကားဝိုင်းများ၊ မြန်မာ့ရိုးရာဇာတ်သဘင်နှင့် ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲများ၊ တိုင်းရင်းသားအကပဒေသာများ စသည်တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပပြုလုပ်
- ပွဲစျေးအတွင်း မြန်မာ့ရိုးရာအစားအစာပြခန်းများ၊ ရိုးရာအဝတ်အထည်ပြခန်းများ၊ နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအသီးသီးမှ ထွက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းပြခန်းများ စသည်ဖြင့် စုစုပေါင်း ပြခန်း ၁၅၅ ခန်း ခင်းကျင်းပြသ

စာမျက်နှာ ၃ မှ

အဆိုပါ "မြန်မာ့ရိုးရာပွဲဈေး" ကို ရိုးရာအမွေအနှစ်တစ်ခုအဖြစ် မျိုးဆက်သစ် လူငယ်များထံသို့ လက်ဆင့်ကမ်း ပေးလိုသည့် ရည်ရွယ်ချက်ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ (YCC)တွင် ယခုလ ၅ ရက်နေ့မှ ယနေ့အထိ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပွဲတော်ရက်အတွင်း မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ရိုးရာ အဝတ်အထည်များ၊ မြန်မာ့စားဖွယ် ပြုလုပ်နည်းသရုပ်ပြပွဲများ၊ စကားဝိုင်းများ၊ မြန်မာ့ရိုးရာ ဇာတ်သဘင်နှင့် ခေတ်ပေါ် တေးဂီတဖျော်ဖြေပွဲများ၊ တိုင်းရင်းသားအကပဒေသာများ စသည်တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ ပွဲဈေးအတွင်း မြန်မာ့ရိုးရာအစားအစာပြခန်းများ၊ ရိုးရာအဝတ်အထည်ပြခန်းများ၊ နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအသီးသီးမှ ထွက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းပြခန်းများ စသည်ဖြင့် စုစုပေါင်းပြခန်း ၁၅၅ ခန်း ခင်းကျင်းပြသထားပြီး လာရောက်လေ့လာ ကြည့်ရှုဝယ်ယူကြသည့် အများပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်သာယာ Shopping Centre ၌ မြန်မာနိုင်ငံသစ်အခြေခံ ပရိဘောဂလုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ့ပရိဘောဂပြပွဲ (၂၀၂၆) သို့ သွားရောက်ကြည့်ရှုအားပေးရာ မြန်မာနိုင်ငံ သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြပွဲအတွင်းခင်းကျင်းပြသထားရှိသည့် ပရိဘောဂများအား ပြကွက်တစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးသည်။

အဆိုပါ မြန်မာနိုင်ငံ သစ်အခြေခံ ပရိဘောဂလုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ့ပရိဘောဂပြပွဲ (၂၀၂၆) ကို မြန်မာ့ပရိဘောဂလက်ရာများအား ထိန်းသိမ်းရန်၊ စဉ်ဆက်မပြတ် အဆင့်မြှင့်တင်နိုင်ရန်နှင့် ဈေးကွက်ပိုမိုရရှိနိုင်ရန် ရည်ရွယ်၍ ယခုလ ၄ ရက်နေ့မှ ယနေ့အထိ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်းနှင့် ပြည်တွင်းကုမ္ပဏီ ကိုးခု၊ ပြည်ပကုမ္ပဏီ တစ်ခု စုစုပေါင်း ၁၀ ခုတို့မှ ပြကွက်ပေါင်း ၂၆ ခုဖြင့် ခင်းကျင်းပြသရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဒေါ်သီသီဆွေ



မစုမြတ်နိုး



မောင်မျိုးပြည့်ဟိန်း



မောင်ကောင်းမြတ်မင်း



မောင်ထက်ဘုန်းနိုင်

** ရှေ့ဖုံးမှ*

ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များ၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များရှိ အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင် အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ အုပ်ချုပ်သူ ဆရာဆရာမများသည် နေပြည်တော်အတွင်းရှိ အထင်ကရနေရာများကို သွားရောက်လေ့လာကြည့်ရှုကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့များမှ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့မှ ကျောင်းသားကျောင်းသူ လေ့လာရေးအဖွဲ့များသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြပြီး ပြတိုက်အတွင်းရှိ ကဏ္ဍအလိုက် ပြခန်းပြကွက်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်။

"ကျွန်မတို့ ကျောင်းက ကျောင်းသားကျောင်းသူ ၁၀၀ ကျော်နဲ့ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာတာ ဖြစ်ပါတယ်။ ကျောင်းသားတွေကို စာသင်ခန်းထဲမှာ အသိပညာ၊ အတတ်ပညာအတွက် သင်ကြားပေးရုံသာမက အခုလို လက်တွေ့လေ့လာခွင့်ရတဲ့ ခရီးစဉ်တွေကလည်း ဗဟုသုတများစွာ ရရှိစေပါတယ်။ သမိုင်းဆိုတာ စာအုပ်ထဲမှာ ဖတ်ရှုရုံနဲ့တင် မလုံလောက်ဘဲ အဲဒီခေတ်ကာလတွေရဲ့ အထောက်အထားတွေကို မြင်တွေ့လေ့လာခွင့်ရတဲ့အခါ ပိုမိုမှတ်မိနားလည်စေပါတယ်။ အခုလို လေ့လာရေးခရီးစဉ်တွေ ကျောင်းသားကျောင်းသူတွေအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးစေလိုပါတယ်" ဟု အထက(၁) ရမည်းသင်းမှ အထက်တန်းပြဆရာမ ဒေါ်သီသီဆွေက ပြောကြားသည်။

အဆိုပါလေ့လာရေးခရီးကို ကျောင်းသားလူငယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းနှင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာခဲ့သည့် မြန်မာ့တပ်မတော်၏ သမိုင်းအစဉ်အလာများကို သိရှိ နားလည်စေရန်၊ ကျောင်းသင်ခန်းစာများမှရရှိသည့် အသိပညာများကို သမိုင်းဝင်အထောက်အထားများ၊ မှတ်တမ်းဓာတ်ပုံများနှင့် လက်တွေ့ပြသထားသည့် ပစ္စည်းများမှတစ်ဆင့် ဆက်စပ်လေ့လာနိုင်စေရန်နှင့် ကျောင်းပြင်ပဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်သည်။

"ကျွန်မက ပြတိုက်ကို ပထမဆုံးအကြိမ် လာရောက်လေ့လာခွင့်ရတာ ဖြစ်ပါတယ်။ ကျွန်မက ကမ္ဘာ့သမိုင်းနဲ့ မြန်မာ့သမိုင်းကို စိတ်ဝင်စားသူဖြစ်တဲ့အတွက် အခုလို စာအုပ်ထဲမှာ ဖတ်ရှုခဲ့ရတဲ့ သမိုင်းအကြောင်းအရာတွေကို ကိုယ်တိုင်မျက်မြင်တွေ့ရှိ လေ့လာခွင့်ရတာ ဝမ်းသာဂုဏ်ယူမိပါတယ်။ လက်တွေ့ လေ့လာကြည့်ရှုရတဲ့အခါ အရင်က မသိရှိခဲ့တဲ့ အကြောင်းအရာတွေကိုပါ သိရှိခွင့်ရတယ်။ သူငယ်ချင်းတွေနဲ့ အတူ အတူလေ့လာခွင့်ရတာမို့ ပျော်စရာကောင်းပြီး မမေ့နိုင်တဲ့ အတွေ့အကြုံတစ်ခု ဖြစ်ပါတယ်။" ဟု အလက (၁) တပ်ကုန်းမှ Grade 8 ကျောင်းသူ မစုမြတ်နိုးက ပြောကြားသည်။

ထို့ပြင် မြန်မာ့တပ်မတော်၏ သမိုင်းကြောင်းကို မှတ်တမ်းတင်ရိုက်ကူးထားသည့် မှတ်တမ်းရုပ်ရှင်ကိုလည်း ကြည့်ရှုခဲ့ကြပြီး စာအုပ်စာပေများတွင် ဖတ်ရှုလေ့လာခဲ့ရသည့် သမိုင်းအကြောင်းအရာများကို ရုပ်ပုံမှတ်တမ်းများနှင့် တွဲဖက်သိရှိခွင့်ရခဲ့ကြသည်။

"တပ်မတော် စစ်သမိုင်းပြတိုက်တာဝန်ရှိသူတွေက ပြခန်းတစ်ခုချင်းစီရဲ့ သမိုင်းကြောင်းနဲ့ ပြသထားတဲ့ပစ္စည်းတွေရဲ့ အကြောင်းအရာတွေကို အသေးစိတ်ရှင်းပြပေးတဲ့အတွက် စာပေအကြောင်းအရာတွေမှာ သင်ယူလေ့လာသိရှိတဲ့ အကြောင်းအရာတွေအပြင် မသိရှိရသေးတဲ့ သမိုင်းအကြောင်းအရာတွေကိုပါ လက်တွေ့ သိရှိနားလည်ခွင့်ရခဲ့တယ်။ လေ့လာကြည့်ရှုတဲ့အထဲမှာ ခေတ်အဆက်ဆက်အသုံးပြုခဲ့တဲ့ လက်နက်တွေရဲ့ ပုံစံနဲ့ ပြောင်းလဲတိုးတက်လာပုံတွေကို လေ့လာခွင့်ရတာ သဘောကျနှစ်သက်ပါတယ်။ နိုင်ငံအတွက် တပ်မတော်သားတွေ စွန့်လွှတ်ကြိုးပမ်းမှုတွေကို သိရှိခဲ့ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း နိုင်ငံအတွက် တတ်နိုင်သမျှ ကြိုးစားသွားချင်တဲ့စိတ် ဖြစ်ပေါ်ခဲ့ပါတယ်" ဟု ပျဉ်းမနားမြို့နယ် ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade 11 ကျောင်းသား မောင်မျိုးပြည့်ဟိန်းက ပြောကြားသည်။



အဆိုပါ လေ့လာရေးခရီးစဉ်သည် ကျောင်းသား ကျောင်းသူများအတွက် မြန်မာ့တပ်မတော်၏ သမိုင်းကြောင်း၊ ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာမှုများနှင့် သမိုင်းဝင်အထောက်အထားများကို ကိုယ်တိုင်မြင်တွေ့လေ့လာခွင့်ရရှိစေခဲ့သည့်အပြင် စာတွေ့သင်ယူမှုနှင့် လက်တွေ့လေ့လာမှုတို့ကို ဆက်စပ်နားလည်စေပြီး သမိုင်းဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေခဲ့ကြောင်း သိရသည်။

ထို့အတူ တပ်ကုန်းမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ရေတာရှည်မြို့နယ်တို့မှ ကျောင်းသား ကျောင်းသူ လေ့လာရေးအဖွဲ့များသည် အမျိုးသားပြတိုက် (နေပြည်တော်)သို့လေ့လာရေး သွားရောက်ကြသည်။

"အမျိုးသားပြတိုက်ကို လေ့လာကြည့်ရှုတဲ့အခါ ကျွန်တော်တို့ နိုင်ငံရဲ့ သမိုင်းဝင်အမွေအနှစ်တွေနဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ သမိုင်းဝင်ပစ္စည်းတွေကို စုစည်းထားတဲ့နေရာအဖြစ် လက်တွေ့ သိရှိနားလည်ခဲ့ရတယ်။ အထူးသဖြင့် အင်းဝခေတ်ပြခန်း၊ မြန်မာ့ဆိုင်းဝိုင်းပြခန်း၊ ပန်းချီပြခန်း၊ လက်ဆောင်ပစ္စည်းပြခန်းတွေနဲ့ သမိုင်းခေတ်အဆက်ဆက်ပြခန်းတွေကို စိတ်ဝင်စားလို့ ပိုပြီးကြည့်ရှုလေ့လာဖြစ်ခဲ့ပါတယ်။ အခုလို လေ့လာခွင့်ရတဲ့အတွက် စိတ်ထဲမှာ ဝမ်းသာကြည်နူးမိသလို နောင်မှာလည်း သူငယ်ချင်းတွေနဲ့အတူ ဗဟုသုတရရှိစေမယ့် လေ့လာရေးခရီးစဉ်မျိုးတွေ သွားရောက်လေ့လာချင်ပါတယ်" ဟု ရေတာရှည်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (မြို့လှ)မှ ကျောင်းသား မောင်ကောင်းမြတ်မင်းက ပြောသည်။

အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာစဉ် အမျိုးသားပြတိုက် (နေပြည်တော်) မှ တာဝန်ရှိသူများနှင့် ပြတိုက်လမ်းညွှန်ဝန်ထမ်းများက လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများကို အဖွဲ့များ ခွဲ၍ ပြတိုက်ဆိုင်ရာ သမိုင်းကြောင်းအကျဉ်းနှင့် ပြကွက်များအလိုက် ခင်းကျင်းပြသထားမှုအခြေအနေကို လိုက်လံရှင်းလင်းပြသကြသည်။

"အမျိုးသားပြတိုက်ကို ကျွန်တော့်အတွက် ပထမဦးဆုံးအကြိမ် လာရောက်တာဖြစ်တဲ့အတွက် ပြတိုက်ထဲက ရှေးဟောင်းအမွေအနှစ်တွေကို လက်တွေ့ လေ့လာကြည့်ရှုခွင့်ရတဲ့အခါ ကိုယ့်နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့အရာတွေကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတဲ့ အသိအမြင်ကို ခံစားရရှိစေပါတယ်။ ပြတိုက်မှာ ပြသထားတဲ့ ပြခန်းပြကွက်တွေက ဗဟုသုတအများကြီး ရရှိစေပါတယ်။ ဒီကနေ လေ့လာရရှိလာတဲ့ ဗဟုသုတတွေနဲ့ အဖိုးတန်အတွေ့အကြုံသစ်တွေကို သူငယ်ချင်းတွေ သိရှိနိုင်အောင် မျှဝေ ပြောပြသွားမှာပါ" ဟု တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား မောင်ထက်ဘုန်းနိုင်က ပြောသည်။

လေ့လာရေးအဖွဲ့များသည် အမျိုးသားပြတိုက်အတွင်း ပြသထားသည့် ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီ ခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်းနှင့် လက်ဆောင်ပစ္စည်းများပြခန်းတို့ကို စိတ်ဝင်တစား လေ့လာကြည့်ရှုမှတ်သားခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာပြခန်းတာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အလားတူ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ ကျောင်းသားကျောင်းသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ သွားရောက်စဉ် ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များ၊ အဂ္ဂါမိပတိသာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုခမ္မာဇရပ်များ၊ အခြား သာသနိကအဆောက်အအုံများကို စိတ်ဝင်တစား လေ့လာကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

မင်းကျော်စွာ၊ ခင်ဖြူလှိုင်

ဓာတ်ပုံ– အေးသန်း၊ ခင်ဖြူ

❐ *ကျောဖုံးမှ*

ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့်ဆက်လက်ဆောင်ရွက်သွားမည့် လျာထားလုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြတိုက်အတွင်း၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းသားများ၏ တူရိယာများ၊ ရိုးရာဝတ်စားဆင်ယင်မှုများနှင့် အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း၊ စင်တာဝင်းအတွင်းရှိ မွန်၊ ကရင်၊ ဗမာ၊ ပအိုဝ်း ရိုးရာအိမ်များနှင့် အထင်ကရနေရာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေး၊ မျိုးဆက်သစ်လူငယ်များ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာသိရှိပြီး တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ ဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုထင်ရှားစွာ ဖော်ထုတ်ပြသနိုင်ရေး၊ ပြသထားရှိသည့် ရိုးရာပစ္စည်းများကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ စင်တာကို တိုင်းရင်းသားလူမျိုးတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ကျောက်တန်းစက်မှုဇုန်အတွင်းရှိ



ကိုလှထွန်း ဝရုတ်သီးမှန့်နှင့် အမှန့်မျိုးစုံလုပ်ငန်းသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူ တစ်ဦးက ထုတ်လုပ်လျက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ကုန်ကြမ်းအမျိုးအစားများနှင့် သိုလှောင်ထားရှိမှု၊ စွေးကွက်သို့ ဖြန့်ဖြူးရောင်းချနေမှု၊ လက်ရှိထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ စက်ရုံအတွင်း ဝရုတ်သီးကုန်ကြမ်းများ သိုလှောင်ထားရှိမှု၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်းနှင့် ထုပ်ပိုးဖြန့်ဖြူးခြင်းလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** ဒုတိယသမ္မတက စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သန့်ရှင်းသပ်ရပ်သော ထုတ်လုပ်မှုစနစ်ကို အလေးထားဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရန်၊ တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့မှတစ်ဆင့် M RUBBER ကုမ္ပဏီလီမိတက်၏ ခရမ်းရော်ဘာအဆင့်မြင့်စက်ရုံသို့ ရောက်ရှိကြပြီး ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရော်ဘာကုန်ကြမ်းများ သန့်စင်နေမှု၊ စက်ကိရိယာများဖြင့် ပြုပြင်ထုတ်လုပ်နေမှု၊ အရည်အသွေးစစ်ဆေးနေမှုနှင့် ထုပ်ပိုးသိုလှောင်သည့်လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူတစ်ဦးက စက်ရုံ၏ ကုန်ကြမ်းရရှိမှုနှင့် သိုလှောင်ထားရှိမှု၊ ထုတ်လုပ်မှုစွမ်းအား၊ MSR ထုတ်လုပ်သည့် လုပ်ငန်းစဉ်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ ထုတ်ကုန်အရည်အသွေးနှင့် စွေးကွက်သို့ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် လုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် စက်ပစ္စည်းများ စနစ်တကျထိန်းသိမ်းအသုံးပြုနိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး စက်ရုံမှ ထွက်ရှိလာသည့် စွန့်ပစ်ရေထုံးများနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ရော်ဘာကုန်ကြမ်းများကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ရော်ဘာစိုက်ပျိုးသည့် ဒေသခံတောင်သူနှင့်လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းစဉ်များ ဖော်ဆောင်ပေးနိုင်ရေး ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ကျောက်တန်းစက်မှုဇုန်ကို စက်မှုနယ်မြေအဖြစ် ၂၀၁၆ ခုနှစ် မတ် ၂၇ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး အကျယ်အဝန်းမှာ ၂၅၄ ဒသမ ၃ ဧက ရှိ၍ ပုဂ္ဂလိကစက်မှုလုပ်ငန်း (အကြီးစား၊ အလတ်စား၊ အငယ်စား) အရေအတွက် စုစုပေါင်း ၂၅ ခု ရှိကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ ရန်ကုန်မြို့ရှိ ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာန ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၈

ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ စက်မှုပူးပေါင်း ဆောင်ရွက်ရေးဦးစီးဌာန၊ ဓာတုပစ္စည်း စီမံခန့်ခွဲရေးဗဟိုဌာနကို ယမန်နေ့ မွန်းလွဲပိုင်းက စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံ့စက်မှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဓာတုပစ္စည်းစီမံခန့်ခွဲရေး ဗဟိုဌာနက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို အကျိုးရှိထိရောက်အောင် ထိန်းချုပ်စီမံခန့်ခွဲခြင်းဖြင့် ပြည်သူများအား စက်မှုလုပ်ငန်းများမှ ဓာတုပစ္စည်းဆိုင်ရာ ဘေးအန္တရာယ် ဆိုးကျိုးများမှ ကာကွယ်ရန်၊ နိုင်ငံ့သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုနှင့် ဂေဟစနစ်တို့အပေါ် မလိုလားအပ်သည့် ထိခိုက်မှုများလျော့နည်းပပျောက်အောင် အလေးထား ဆောင်ရွက်ကြရန်၊ ဓာတ်ခွဲခန်းများကို အရည်အသွေး မြင့်မားကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားရန်၊ ကွင်ဆင်းစစ်ဆေးသူများ အနေဖြင့် သတ်မှတ်အရည်အသွေး အသိအမှတ်ပြု လက်မှတ်များရရှိရေး ဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းအား ISO/IEC 17025 ရရှိရေးအတွက် ဆောင်ရွက်သွားရန်၊ နည်းပညာဖြင့်စက်ပစ္စည်းများအား စီမံချက်အတိုင်း ဖြည့်တင်းပြီး လိုအပ်သည့် လူစွမ်းအား အရင်းအမြစ်များအား ပျိုးထောင် ဆောင်ရွက်သွားရန်၊ ပုဂ္ဂလိက စက်မှုနှင့် MSMEs လုပ်ငန်းရှင်များ သင်တန်းများ ဖွင့်လှစ်ခြင်း၊ အသိပညာပေးပွဲများ ကျင်းပခြင်းနှင့် နိုင်ငံတကာ သုတေသနလုပ်ငန်းများကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းပြီး အရှိန်အဟုန်ဖြင့်တင် ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။



ဆက်လက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မှာကြားပြီး ဓာတ်ခွဲခန်းများ သတ်မှတ် SOP များအတိုင်း နှင့် Chemical Reagent Storage၊ Waste Management System (Chemical Management Center) တွင် ကြည့်ရှုစစ်ဆေးကာ ဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းများအား အဆင့်မြှင့်တင် ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❂ *ရှေ့ဖုံးမှ*

ရေထွက်ကုန်မွေးမြူရေးကဏ္ဍ ငါးမျိုး တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၉၃ သန်းရရှိခဲ့ကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

မွေးမြူရေးကဏ္ဍတွင် ငါးမွေးမြူရေးလုပ်ငန်းမှ ၂ ဒသမ ၀၃၂ သန်း၊ ပုစွန်မွေးမြူရေးလုပ်ငန်းမှ ၄၈ ဒသမ ၀၀၃ သန်း၊ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းမှ ၁ ဒသမ ၆၈၉ သန်း၊ ဂျင်းခရု မွေးမြူရေးလုပ်ငန်းမှ ၀ ဒသမ ၄၂၄ သန်းနှင့် ရေမှော်မွေးမြူရေးလုပ်ငန်းမှ ၀ ဒသမ ၀၄၅ သန်းဖြင့် စုစုပေါင်း ကုန်တန်ချိန် ၁၂၂၆၇ ဒသမ ၃၆၈ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၉၃ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

"တနင်္သာရီတိုင်းဒေသကြီးမှာ ၈၉ ရာခိုင်နှုန်းကျော်ဟာ ရေလုပ်ငန်းလုပ်ကိုင်တာကြောင့် ကုန်ကြမ်းတင်ပို့မှုကနေ ကုန်ချောထုတ်လုပ်နိုင်ရင် နိုင်ငံခြားငွေပိုပြီး ရရှိစေမှာပါ။ ပြီးတော့ ငါး၊ ပုစွန် အရှင်ကို လေကြောင်းနဲ့ တင်ပို့နိုင်ရင်လည်း နိုင်ငံခြားငွေတိုးမြှင့်ရရှိစေမှာပါ။ ဝမ်းသာစရာက နိုင်ငံတော်သမ္မတကြီးက မြိတ်လေဆိပ်ကို တိုးချဲ့တည်ဆောက်ဖို့ လမ်းညွှန်ခဲ့တဲ့အတွက် တည်ဆောက်နေတာကြောင့် ပြည်ပကို ငါး၊ ပုစွန်အရှင် တင်ပို့နိုင်ပြီဆိုရင် သိသိသာသာ နိုင်ငံခြားငွေ တိုးမြှင့်ရရှိလာမှာပါ။ ရေလုပ်သားနဲ့လုပ်ငန်းရှင်တွေလည်း ဝင်ငွေကောင်းလာမှာ ဖြစ်တဲ့အတွက် နိုင်ငံတော်သမ္မတကြီးကို အထူးပဲကျေးဇူးတင်နေကြပါတယ်" ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးသက်စိုးက ပြောသည်။

ကျွန်းပေါင်း ၈၀၀ ကျော်ရှိသည့် မြိတ်ကျွန်းစုနှင့် တနင်္သာရီတိုင်းဒေသကြီး၏ ကမ်းဝေးကမ်းနီးတို့တွင် ရေထွက်ကုန်များကို ဖမ်းဆီးကြသည့်အပြင် ငါး/ပုစွန်နှင့် စွေးကွက်ရပြည်ပပို့ကုန် ရေထွက်ပစ္စည်းများကိုလည်း နှစ်စဉ်မွေးမြူထုတ်လုပ်လျက်ရှိကာ ပြည်ပပို့ကုန်ပုစွန်ကို ယခုနှစ်တွင် တိုးမြှင့်မွေးမြူလျက်ရှိသည်။

နှစ်စဉ် ရေထွက်ကုန်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိနေသည့် မြိတ်ကျွန်းစုသည် ရေချို ရေငန်သဘာဝသယံဇာတများစွာ ပေါများသည့်ဒေသဖြစ်ပြီး စားနပ်ရိက္ခာဖူလုံရေးနှင့် နိုင်ငံခြားငွေရရှိမှုကို အထောက်အကူပြုလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် ဗီယက်နမ် နိုင်ငံသည် ရေထွက်ကုန် တင်ပို့မှုမှ အမေရိကန် ဒေါ်လာသန်း တစ်သောင်း ကျော် ရရှိခဲ့ပြီး မြစ်ချောင်းအင်းအိုင်နှင့် ငါးဖမ်းကွက်များစွာရှိသည့် မြန်မာနိုင်ငံ အနေဖြင့် မွေးမြူရေးနှင့် ဖမ်းဆီးရေး ကဏ္ဍတို့တွင် နိုင်ငံခြားဝင်ငွေ တိုးမြှင့်ရရှိရန် မဟာဗျူဟာမြောက် စီမံကိန်းရေးဆွဲ ဆောင်ရွက်မှုနှင့်အတူ တိုက်ရိုက်တင်ပို့နိုင်မည့် ပို့ဆောင်ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်လာခြင်းသည် ရေထွက်ကုန်တင်ပို့မှု စွေးကွက်သစ်ပွင့်လန်းမှုကို အထောက်အပံ့ဖြစ်စေလျက်ရှိ၍ နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိလာမည့် လင်းရောင်ခြည်များသန်းလျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ – ကနူး


✷ ရေချိုစိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

✷ ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း။

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း - ၄၃)

စိုက်ပျိုးမွေးမြူရေးအင်ဂျင်နီယာပညာ (အပိုင်း-၄)

ဒေါက်တာမျိုးကြွယ်(ပါမောက္ခချုပ် - ငြိမ်း)



ခေတ်မီရေသွင်းနည်းပညာစနစ် ဆောင်ရွက်ပုံ။

ဩစတြေးလျနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ စသည့် ကမ္ဘာ့နိုင်ငံများတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ထိပ်တန်းရောက်နေရခြင်းသည် စိုက်ပျိုးမွေးမြူရေးပညာအဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာရေးတို့ နှစ်စဉ်တိုးတက် ပြောင်းလဲသင်ကြား၊ သုတေသနပြုလာမှုအပေါ် မူတည်၍ ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထိပ်တန်းရောက်နိုင်ငံများ ဖြစ်နေခြင်းဖြစ်ပါသည်။ ထိုနိုင်ငံ တက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာသင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုတို့ကို လေ့လာ၊ အတုယူနိုင်ရန် အဓိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာအဖြစ် စိုက်ပျိုးမွေးမြူရေး အင်ဂျင်နီယာပညာရပ်အကြောင်း ဆက်လက်ရေးသား၊ ဆွေးနွေးလိုပါသည်။

စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်တွင် အသုံးပြုသော ခေတ်မီစမတ်ရေသွင်းစနစ်နည်းပညာ

ခေတ်မီဉာဏ်ရည်မြင့်ရေသွင်းစနစ်နည်းပညာ (Smart Irrigation Technology) သည် စိုက်ပျိုးရေးတွင် ရေအသုံးပြုမှုကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် ခေတ်မီအင်ဂျင်နီယာ နည်းပညာများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ (ICT–Information and communication Tech–nology)၊ အာရုံခံကိရိယာများ၊ အလိုအလျောက် ထိန်းချုပ်မှုစနစ်များနှင့် အချက်အလက်ခွဲခြမ်းစိတ်ဖြာမှုနည်းပညာတို့ကို ပေါင်းစပ်အသုံးပြုသည့် နည်းပညာ ဖြစ်ပါသည်။

ဤနည်းပညာ၏ အဓိကရည်ရွယ်ချက်မှာ သီးနှံပင်များအတွက် လိုအပ်သော ရေပမာဏကို လိုအပ်သည့်အချိန်နှင့် လိုအပ်သည့်နေရာတွင် တိကျစွာ ပေးဝေနိုင်ရန်ဖြစ်ပါသည်။

ရိုးရာရေသွင်းစနစ်များတွင် တောင်သူများ၏ အတွေ့အကြုံ၊ သတ်မှတ်ထားသော ရေသွင်းအချိန်ဇယားနှင့် မျက်မြင်အခြေအနေများအပေါ် အခြေခံလေ့ရှိသော်လည်း ဤ Smart Irrigation စနစ်တွင် မြေဆီလွှာအစိုဓာတ်တိုင်းကိရိယာများ၊ မိုးလေဝသစနစ်များ၊ ဂြိုဟ်တုဓာတ်ပုံများနှင့် အလိုအလျောက် ရေသွင်းစနစ်များမှ ရရှိသော အချိန်နှင့်တစ်ပြေးညီ အချက်အလက်များကို အသုံးပြု၍ ရေသွင်းရန် ဆုံးဖြတ်ပေးနိုင်ပါသည်။

၁။ ခေတ်မီရေသွင်းနည်းပညာ၏ အဓိကရည်ရွယ်ချက်များ

(၁-က) ရေသွင်းရေကို ချွေတာသုံးစွဲနိုင်ရန်နှင့် ရေဆုံးရှုံးမှု လျှော့ချရန်၊

(၁-ခ) ရေအသုံးချမှု ထိရောက်မှုစွမ်းရည် မြှင့်တင်ရန်၊

(၁-ဂ) သီးနှံပင်များ ကြီးထွားဖွံ့ဖြိုးရန် သင့်လျော်သော မြေဆီလွှာအစိုဓာတ်ကို ထိန်းသိမ်းရန်၊

(၁-ဃ) လျှပ်စစ်စွမ်းအင်သုံးစွဲမှုနှင့် ရေတင်စက်လည်ပတ်ရိတ်၊ စက်သုံးဆီစရိတ်များ လျှော့ချရန်၊

(၁-င) သီးနှံအထွက်နှုန်းနှင့် အရည်အသွေး တိုးတက်စေရန်၊

(၁-စ) မိုးခေါင်ရေရှားမှုနှင့် ရာသီဥတု ပြောင်းလဲမှု၏ သက်ရောက်မှုများကို လျှော့ချရန်၊

(၁-ဆ) ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် တိကျသော စိုက်ပျိုးရေးစနစ်ကို အထောက်အကူပြုရန်။

> **“ ခေတ်မီရေသွင်းနည်းပညာမှာ တက္ကသိုလ်၊ သုတေသနဌာနများတွင် သီးနှံအမျိုးမျိုးအား ရေသွင်းနည်းအမျိုးမျိုးကို မြန်မာနိုင်ငံအတွင်း ဒေသအသီးသီး၌ ခေတ်မီအင်တာနက်နည်းပညာများဖြင့် ဘာသာရပ်ပေါင်းစုံ ဘွဲ့ကြို၊ ဘွဲ့လွန် (မဟာသိပ္ပံ၊ ပါရဂူ) သုတေသနများစွာပြုလုပ်ကာ တောင်သူများ၏ တကယ့်ပြဿနာများကို ဖြေရှင်း၊ ဆောင်ရွက်ပေးရခြင်းဖြစ် ”**

၂။ ခေတ်မီရေသွင်းနည်းပညာ၏ အဓိက အစိတ်အပိုင်းများ

စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်ကို သင်ယူနေသော ကျောင်းသားများအနေဖြင့် အောက်ပါနည်းပညာများကို နားလည်သိရှိထားရန် အရေးကြီးပါသည် -

(၂-က) မြေဆီလွှာအစိုဓာတ်တိုင်း အာရုံခံကိရိယာများ။ မြေဆီလွှာအတွင်းရှိ ရေပါဝင်မှုကို တိုင်းတာပေးသော ကိရိယာများဖြစ်သည်။ ရေသွင်းရန်လိုအပ်သည့်အချိန်ကို ဆုံးဖြတ်ရာတွင် အသုံးပြုသည်။ ဥပမာ - အာရုံခံကိရိယာအမျိုးမျိုး Capacitance Sensor, TDR (Time Domain Reflectometry), FDR (Frequency Domain Reflectometry)

(၂-ခ) မိုးလေဝသတိုင်းတာရေးစခန်းများ။ ဤစခန်းများက အောက်ပါအချက်အလက်များကို တိုင်းတာစုဆောင်းပေးပါသည် -

ဥပမာ - မိုးရွာသွန်းမှု၊ အပူချိန်၊ လေထုစိုထိုင်းဆ၊ လေတိုက်နှုန်း၊ နေရောင်ခြည်စွမ်းအင်။



အင်တာနက်အခြေပြု ရေပေးသွင်းခြင်းအားဖြင့် ရေကုန်ကျမှုနည်းပါးစေခြင်း။

(၂-ဂ) အင်တာနက်ချိတ်ဆက်စနစ်နှင့် အလိုအလျောက်ထိန်းချုပ်ကိရိယာများ။ အင်တာနက်ချိတ်ဆက်စနစ် (Internet of Things – IoT) နည်းပညာကို အသုံးပြု၍ အာရုံခံကိရိယာများ၊ ရေစုပ်စက်များ၊ ရေဖွင့်ပိတ်အဆို့ရှင်များ(Valves)နှင့် ကွန်ပျူတာများကို ချိတ်ဆက်ပေးသည်။ ထို့ကြောင့် ရေသွင်းစနစ်ကို အလိုအလျောက်ထိန်းချုပ်ပေးနိုင်ပါသည်။

(၂-ဃ) ဂြိုဟ်တုလမ်းညွှန်စနစ်နှင့် တိကျသော ရေသွင်းစနစ်။ ဂြိုဟ်တုလမ်းညွှန်၊ မြေကွက်မြေပုံနှင့် အဆင့်မြင့်နည်းပညာများကို အသုံးပြု၍ လယ်ကွင်းတစ်ခုအတွင်းရှိ နေရာဒေသအလိုက် လိုအပ်သည့် ရေပမာဏ မတူညီစွာ ပေးဝေနိုင်ပါသည်။

(၂-င) အဝေးမှ အာရုံခံတိုင်းတာခြင်းနှင့် ဂြိုဟ်တုနည်းပညာ။ ဂြိုဟ်တုဓာတ်ပုံများနှင့် ဒရုန်းများမှ ရရှိသောပုံရိပ်များကို အသုံးပြု၍ သီးနှံအခြေအနေများ၊ အပင်များ၏ ကျန်းမာကြီးထွားမှု၊ မြေဆီလွှာအစိုဓာတ်ဆိုင်ရာ အခြေအနေများ၊ မြေဆီလွှာရေအငွေ့ပျံခြင်းနှင့် အပင်ရေငွေ့ပြန်ခြင်းတို့ကို လေ့လာနိုင်ပါသည်။

(၂-စ) အလိုအလျောက် ရေစက်ချစနစ်နှင့် ရေဖျန်းစနစ်။ သီးနှံများ၏ ရေလိုအပ်ချက်အပေါ် မူတည်၍ ပိုက်များ၊ ရေစက်ချခေါင်းများနှင့် ရေဖျန်းခေါင်းများမှတစ်ဆင့် ရေကို ထိန်းချုပ်ပေးဝေနိုင်ပါသည်။

၃။ ခေတ်မီရေသွင်းစနစ်အလုပ်လုပ်ပုံ။ ခေတ်မီရေသွင်းစနစ်၏ အခြေခံလုပ်ဆောင်ပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၃-က) သီးနှံနှင့် မြေဆီလွှာအခြေအနေများ၊ သီးနှံကြီးထွားမှုအဆင့်၊ အဖြစ်ပျံနှုန်းရာအနက်နှင့် မြေဆီလွှာရေဓာတ်၊ အာရုံခံကိရိယာများနှင့် မိုးလေဝသစခန်းများမှ စိုက်ကွင်းအတွင်း အချိန်နှင့်တစ်ပြေးညီ အချက်အလက်များ စုဆောင်းခြင်းပြုလုပ်ရပါမည်။

(၃-ခ) ကွန်ပျူတာနှင့် အင်တာနက်ထိန်းချုပ်မှုမှ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီး ရေသွင်းလိုအပ်ချက်တွက်ချက်ခြင်း ပြုလုပ်ပြီး အလိုအလျောက် ရေစုပ်စက်နှင့် အဖွင့်၊ အပိတ်ဘား (Valve) ထိန်းချုပ်မှုမှတစ်ဆင့် ရေဖွင့်ခြင်း၊ ပိတ်ခြင်းနှင့် ရေပမာဏထိန်းညှိခြင်း၊ သီးနှံများထံ ရေပေးဝေခြင်း၊ လိုအပ်သော ရေပမာဏ၊ အချိန်နှင့် နေရာမှန်ကန်စွာ ပေးဝေခြင်းတို့ ဆက်လက်ပြုလုပ်ပါသည်။

(၃-ဂ) ဥပမာအားဖြင့် မြေဆီလွှာအစိုဓာတ်တိုင်းကိရိယာက မြေဆီလွှာအတွင်း ရေဓာတ်သည် သတ်မှတ်ထားသော အနိမ့်ဆုံးအဆင့်အောက်သို့ ကျဆင်းသွားကြောင်း တွေ့ရှိပါက ထိန်းချုပ်ကိရိယာက ရေစုပ်စက်ကို အလိုအလျောက် စတင်လည်ပတ်စေပါသည်။

(၃-ဃ) လိုအပ်သော မြေဆီလွှာအစိုဓာတ်အဆင့်သို့ ရောက်ရှိသည့်အခါ ရေသွင်းခြင်းကို အလိုအလျောက် ရပ်တန့်ပေးနိုင်ပါသည်။ ပိုမိုအဆင့်မြင့်သောစနစ်များတွင် မိုးရွာသွန်းမှု ခန့်မှန်းချက်၊ သီးနှံ၏ရေငွေ့ပြန်ထုတ်လွှတ်မှု၊ မြေအမျိုးအစားနှင့် သီးနှံကြီးထွားမှုအဆင့်တို့ကိုပါ ထည့်သွင်းစဉ်းစားပါသည်။

၄။ ဩစတြေးလျနိုင်ငံရှိ ရေစီမံခန့်ခွဲမှုအား သင်ကြား၊ သုတေသနပြုနေသော တက္ကသိုလ်များ

ဩစတြေးလျနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများ၌ ရေရှားပါးမှု၊ မိုးခေါင်မှု၊ ရေငွေ့ပြန်ဆုံးရှုံးမှု မြင့်မားခြင်းနှင့် ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲရန် လိုအပ်ခြင်းတို့ကြောင့် ရေသွင်းအင်ဂျင်နီယာပညာနှင့် ခေတ်မီရေသွင်းနည်းပညာဆိုင်ရာ ပညာရေးနှင့် သုတေသနလုပ်ငန်းများ အရေးပါနေပါသည်။

သတိပြုရန်မှာ ဩစတြေးလျတက္ကသိုလ်များတွင် ရေသွင်းခြင်းနည်းပညာဘွဲ့ဟူသော အမည်ဖြင့် သီးခြားဘွဲ့အစီအစဉ် ဖွင့်လှစ်ထားခြင်းထက် စိုက်ပျိုးရေးအင်ဂျင်နီယာပညာ၊ ရေသွင်းခြင်းသိပ္ပံပညာ၊ ရေအရင်းအမြစ်အင်ဂျင်နီယာပညာနှင့် တိကျစိုက်ပျိုးရေးအထူးပြုဘာသာရပ်များအနေဖြင့် ဘွဲ့၊ ဒီဂရီပေးအပ်မှုအတွင်း ပေါင်းစပ်သင်ကြားလေ့ရှိခြင်းဖြစ်ပါသည်။

စာရေးသူ၏အတွေး

မြန်မာနိုင်ငံတွင် ဆည်မြောင်းဦးစီးဌာနတွင် မြို့ပြအင်ဂျင်နီယာဘွဲ့ရရှိသူ အင်ဂျင်နီယာများက ဆည်တာတမံများဆောက်ပြီး စပါးသီးနှံတွင် အလွတ်ရေသွင်းစနစ် (Wild Flood Irrigation in Rice) ကို အများဆုံးဆောင်ရွက်နေပါသည်။

ခေတ်မီရေသွင်းနည်းပညာမှာ တက္ကသိုလ်၊ သုတေသနဌာနများတွင် သီးနှံအမျိုးမျိုးအား ရေသွင်းနည်းအမျိုးမျိုးကို မြန်မာနိုင်ငံအတွင်း ဒေသအသီးသီး၌ ခေတ်မီအင်တာနက် နည်းပညာများဖြင့် ဘာသာရပ်ပေါင်းစုံ ဘွဲ့ကြို၊ ဘွဲ့လွန် (မဟာသိပ္ပံ၊ ပါရဂူ) သုတေသနများစွာပြုလုပ်ကာ တောင်သူများ၏ တကယ့်ပြဿနာများကို ဖြေရှင်း၊ ဆောင်ရွက်ပေးရခြင်းဖြစ်ပါသည်။

တက္ကသိုလ်သုတေသနများဖြင့် တောင်သူဦးကြီးများ အကျိုးဆောင်ပေးကြပါစို့။ ။

ထားဝယ်မြို့ ဇေယျဝတီပရိယတ္တိစာသင်တိုက် ပဓာနနာယကက ဘဒ္ဒန္တအရိန္ဒမ မဟာထေရ်မြတ်ကြီး၏ သရီရဓာတုပဝါဟနပူဇော်ဓာတ်ပြာတော် ရေမျှောပူဇော်



ထားဝယ် နိုဝင်ဘာ ၈


တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဇေယျဝတီ ပရိယတ္တိစာသင်တိုက် ပဓာနနာယကသက်တော် (၁၀၆)နှစ်၊ သိက္ခာတော် (၈၆)ဝါရှိ ဘဒ္ဒန္တအရိန္ဒမ မဟာထေရ်မြတ်ကြီး၏ သရီရဓာတုပဝါဟနပူဇော ဓာတ်ပြာတော် ရေမျှောပူဇော်ပွဲကို ယနေ့ကျင်းပသည်။

နံနက်ပိုင်းတွင် ဇေယျဝတီပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်နှင့် သံဃာတော်များ၊ တာဝန်ရှိသူများက မဟာထေရ်မြတ်ကြီး၏ ဓာတ်ပြာတော်များကို စနစ်တကျပူဇော် ကောက်ယူကြပြီး ဘုန်းကြီးပျံကုန်းရှိ ကလပ်ပေါ်တွင် ပူဇော်ခံထားရှိသည်။

မွန်းလွဲပိုင်းတွင် ဓာတ်ပြာတော်များကို ကလပ်တော်ပေါ်မှ ဇေယျဝတီပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်က ဦးဆောင်ပင့်ဆောင်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးနှင့် တာဝန်ရှိသူများက လက်ဆင့်ကမ်းပင့်ဆောင်ကာ လှည်းလည်ပူဇော်မည့် မင်္ဂလာယာဉ်ပေါ်သို့ တင်ဆောင်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီး၏ အရိုးဓာတ်ပြာတော်ဆိုးကို မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ပူဇော်ကြပြီး ဆိပ်ကမ်းသာဗောတံတားမှ ရေယာဉ်ငယ်ဖြင့် ထားဝယ်မြစ်လယ်အထိ ပင့်ဆောင်ပူဇော်ခံကာ ထားဝယ်မြစ်တွင်းသို့ ရေမျှောပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။(ဝဲပုံ)

တိုင်းဒေသကြီး(ပြန်/ဆက်)



အိမ်တွင်းသုံးရေ ချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေး၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်မြဖြင့်ပါ။

အဝတ်အစား အနည်းငယ်အတွက် အဝတ်လျှော်စက်ကို မသုံးဘဲ အဝတ်လျှော်စက်အတွင်း အဝတ်အပြည့်ရှိမှသာ စက်ဖွင့် လျှော်ဖွပ်ရမည်။

(၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်နှင့်ဆုပစ္စည်းများ၊ ပြည်နယ်ဂုဏ်ဆောင်ထူးချွန်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ

ဘားအံ နိုဝင်ဘာ ၈

(၇၁) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်နှင့်ဆုပစ္စည်းများ၊ ပြည်နယ်ဂုဏ်ဆောင်ထူးချွန်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စု အတိုင်ပင်ခံကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဦးဇော်အေးမောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များက စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ စိုက်ပျိုးရေးဆိုင်ရာ ထူးချွန်ဆု၊ မွေးမြူရေးဆိုင်ရာ ထူးချွန်ဆု၊ စီးပွားရေးဆိုင်ရာ ထူးချွန်ဆု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာထူးချွန်ဆု၊ ပညာရေးဆိုင်ရာ ထူးချွန်ဆု၊ လူမှုရေးဆိုင်ရာထူးချွန်ဆု စုစုပေါင်းဂုဏ်ထူးဆောင်ဆု ၁၈၄ ဆုကို ဆုရရှိကြသူများအား ပေးအပ်ကြသည်။

ထို့အတူ ပြည်နယ်အတွင်းလုပ်ငန်းရှင်များအတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့်ဆု၊ ဝင်ငွေခွန်အများဆုံး



ထမ်းဆောင်သည့်ဆု၊ အထူးကုန်စည်ခွန်အများဆုံး ထမ်းဆောင်သည့်ဆု၊ နိုင်ငံတော်အဆင့် ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲများတွင် ထူးချွန်ဆု၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ကောင်းသော ကျောင်း၊ မြို့နယ်၊ အမှတ်အများဆုံးရ ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုချီးမြှင့်သည့်ဆု၊ အားကစားထူးချွန်ဆု၊ လူရည်ချွန်ထူးချွန်ဆု၊ ကြက်ခြေနီထူးချွန်ဆု၊ (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ ဌာနဆိုင်ရာပြခန်းများမှ ပြခန်းဆု၊ OVOP ပြခန်းများမှ ပြခန်းဆု၊ MSME ပြခန်းများမှ ထုတ်ကုန်ဆုများ၊ ပြည်နယ်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစသည်ဖြင့် ဆုပေါင်း ၁၈၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ဖျာပုံမြို့နယ်၌ မိုးစပါး စံကွက်ရိတ်သိမ်း

ဖျာပုံ နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ဧရိယာများ စံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့က စတင်ဆောင်ရွက်သည်။

အဆိုပါ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ဧရိယာများ စံကွက်ရိတ်သိမ်းရာတွင် ရပ်ကွက်/ကျေးရွာအုပ်စု ၅၄ ခု၊ ကွင်း/အကွက်ပေါင်း ၄၂၈၊ ဧရိယာ ၂၀၇၂၀၁ ဧကၠ စပါးစိုက်ပျိုးထုတ်လုပ်မှုစာရင်းများ မှန်ကန်မှုရှိ စေရန်၊ မြို့နယ်စပါးအထွက်နှုန်းနှင့် စုစုပေါင်းအထွက်ရရှိရန် ရပ်ကွက်/ကျေးရွာအုပ်စု စံကွက်ရိတ်သိမ်းရေးအဖွဲ့များက မြေပြင်ကွင်းဆင်း၍ နေ့ရက်အလိုက် လိုက်လံဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဖျာပုံခရိုင်(ပြန်/ဆက်)



ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် အသိပေး

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် ဖုတ်သုံးရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ဧရုမြို့နယ်၊ ဝါးကျွန်းမြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၂၀ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ လောင်းလုံးဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ် များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန် အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန

▼ *ကျောဖုံးမှ*

အဆိုပါ **ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်**ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲမြင့်ထွန်းနှင့်အတူ ဒုတိယဝန်ကြီးများ၊ တာဝန်ရိုပုဂ္ဂိုလ်များနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ယနေ့ **ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသားပထမအဆင့် အုပ်စုပတ်လည်**ပွဲစဉ်များအဖြစ် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အသင်းက ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ သိပ်ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက သိပ်ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ **အမျိုးသမီးပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ** ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီမှစတင်၍ **ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသားပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ** ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ သာသနာရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ **အမျိုးသမီးပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ** ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစာဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်





မကွေးမြို့ ကမ်းနားလမ်း၌ မြစ်ဧရာရှုခင်းသာ (River View Point Pavilion) တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

မကွေး နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး မကွေးမြို့ ကမ်းနားလမ်း၌ မြစ်ဧရာရှုခင်းသာ (River View Point Pavilion) တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြစ်ဧရာရှုခင်းသာသည် ဧရာဝတီ မြစ်ကမ်းအလှကို အခြေခံ၍ မြို့၏ အထင်ကရနေရာတစ်ခုအဖြစ် ပြည်သူများနှင့် ခရီးသွားလုပ်ငန်းများအား ဆွဲဆောင်နိုင်စေရန်၊ မကွေးမြို့ပြ အင်္ဂါရုပ်နှင့် အညီ မြစ်ကမ်းနားမြေကွက်လပ်များကို သန့်ရှင်းသာယာလှပပြီး လုံခြုံဘေးကင်းသည့် နေရာတစ်ခုဖြစ်လာစေရန်၊ ဒေသခံပြည်သူများ၊ မိသားစုများနှင့် လူငယ်လူရွယ်များ နံနက်ခင်းနှင့် ညနေခင်းအချိန်များတွင် သဘာဝတရားနှင့် ထိတွေ့ကာ အနားယူအပန်းဖြေခြင်း၊ ကိုယ်လက်လှုပ်ရှား ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန်နှင့် မြို့ပြအလှ မြှင့်တင်ရန်တို့အတွက် နေရာတစ်ခုအဖြစ် ဖန်တီးနိုင်ရန် ရည်ရွယ်ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။



အဆိုပါ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယမန်နေ့က မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုညီ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

ကြည့်ရှုစဉ် မြစ်ဧရာရှုခင်းသာ အစဉ်အမြဲ သန့်ရှင်းသာယာလှပရေး၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများအား လုံး ပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရေး၊ လုပ်ငန်းများ စံချိန်စံညွှန်းများနှင့် အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ဘေးကင်းလုံခြုံရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ပေါင်းစပ်ညှိနှိုင်းပေး

ယမန်နေ့နံနက်ပိုင်းကလည်း မကွေးမြို့ရှိ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဖြစ်သော Thiri Thukha Gaday Kywe Company Limited (သီရိသုခကုန်လွှေကြွယ်ကုမ္ပဏီလီမိတက်) ၏ ရွှေပြည်သာမြေပဲခွဲစက်၊ မြေပဲသန့်စင်စက်၊ ပဲပုပ်ဆီနှင့် နေကြာဆီ သန့်စင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုအားပေးပြီး ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ ထုတ်ကုန်များ ယခင်ထက်ပိုမိုထုတ်လုပ်နိုင်ရေး၊ တောင်သူများထံမှ ထွက်ရှိသည့် သီးနှံမျိုးစုံကို ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

ဆောင်းသီးနှံစိုက်ရာသီတွင် ဆီထွက်ပဲပုပ် တိုးချဲ့စိုက်ပျိုးနိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

ပဲခူး နိုဝင်ဘာ ၈

ဒိုက်ဦးမြို့နယ် ရှမ်းစုကျေးရွာအုပ်စု၌ ဆောင်းသီးနှံရာသီတွင် ဆီထွက်ပဲပုပ် တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အယ်လ်နီညိုရာသီဥတုကြောင့် စိုက်ပျိုးရေးစနစ်တကျသုံးစွဲကြရန်နှင့် မြေအစိုခတ်ရှိချိန် အမြီ စိုက်ပျိုးရန် ယမန်နေ့က ဒေသခံတောင်သူများနှင့် တွေ့ဆုံစဉ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုက်တွန်းပြောကြားပြီး ဆီထွက်ပဲပုပ်မျိုးစေ့များ ပုံပိုးပေးအပ်ကာ ပဲမျိုးစုံအစေ့ချစက်ဖြင့် ပဲပုပ်အစေ့ချစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

အလားတူ ဒိုက်ဦးမြို့နယ် လက်ခုပ်ကွင်းကျေးရွာ၌ နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည့် ဦးဝင်းအောင်၏ ဒေသကျွဲကောင်ရေ ၁၅၀ ၀လွတ်ကျောင်းစနစ်ဖြင့် မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် MSME လုပ်ငန်းရှင် ဦးစိုးမိုးထွန်း၏ တစ်ပိုင်တစ်နိုင် အသုံးပြုနိုင်သည့် စပါးသယ်ထော်လာဂျီနှင့် ၁၆ လက်မ ထယ်သွားတပ်၍ စမ်းသပ်မောင်းနှင်မှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့ပြင် ညောင်လေးပင် မြို့နယ် စဖွဲကျေးရွာအုပ်စု၌ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက မွေးမြူထားသည့် တိုင်းရင်းကြက်ကောင်ရေ ၈၅၀၀ မွေးမြူထားရှိမှု၊ ညောင်လေးပင်မြို့ မြို့မ (၃) ရပ်ကွက်ရှိ MSME လုပ်ငန်းရှင် ဦးမိုးအောင်၏ ကာလသွပ်ပြားနှင့် လက်နှိပ်ရေတုံကင် ထုတ်လုပ်ရေး အလုပ်ရုံသို့ သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ ရန်ကုန်–မန္တလေး လမ်းဟောင်း တစ်လျှောက် မိုးစပါးရိတ်သိမ်းထွက်ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



❍ *ကျောဖုံးမှ*

ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄၅+၄ မိနစ်တွင် ဇွန်နိုင်ဝင်း၊ ၅၇ မိနစ်တွင် ဇေထက်အောင်၊ ၆၀ မိနစ်တွင် အောင်မျိုးမင်းနှင့် ၆၇ မိနစ်နှင့် ၈၄ မိနစ်တွင် ခွန်ချိုထူးတို့က သွင်းယူပေးခဲ့သည်။ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ရန်ကုန်ယူနိုက်တက်မှ ဇေထက်အောင်က ရရှိခဲ့သည်။

သိဟဒီပကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် ISPE အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ယူကာ အမှတ်ပေးဇယားအဆင့် (၂)နေရာကို တက်ရောက်နိုင်ခဲ့သည်။ ISPE အသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၂၀ တွင် ကောင်းခန့်ကျော်နှင့် ၃၄ မိနစ်နှင့် ၆၄ မိနစ်တို့တွင် စစ်ဗြိမ်းချမ်းဦးတို့က သွင်းယူပေးခဲ့သည်။ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ISPE အသင်းမှ အသင်းခေါင်းဆောင်ကောင်းခန့်ကျော်က ရရှိခဲ့သည်။

အပတ်စဉ်(၂၃) တတိယနေ့ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၉ ရက်တွင် ဟံသာဝတီယူနိုက်တက်နှင့် ရန်ကုန်စီးတီး (သိဟဒီပကွင်း)၊ FALCON FC နှင့် ချင်းလန်းအသင်း (ဗဟန်းကွင်း)တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နေမျိုး

ဓာတ်ပုံ–ML





အိမ်တွင်းသုံးရေ ချွေတာရေး

ရေချိုးခြိန်နှင့် နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ၊ ဆန်ဆေးရည်များကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)



အိမ်တွင်းသုံးရေ ချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီး လျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။

မအူပင်မြို့နယ်ရှိ ကျေးရွာသုံးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

မအူပင် နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်သန့်ရှင်းသောသောက်သုံးရေလုံလောက်သောသုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ



မအူပင်မြို့နယ်ရှိ အင်းမကျေးရွာအုပ်စု တူးချောင်းကျေးရွာ၊ ကျုံတာကလေးကျေးရွာအုပ်စု ကျုံတာကြီးကျေးရွာနှင့် ငါးဖယ်အိုကျေးရွာအုပ်စု လှည်းဆိပ်အောက်စကျေးရွာတို့တွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ ရရှိသုံးစွဲနိုင်ရေးအတွက် အမြင့်တင်ရေစင်တည်ဆောက်ခြင်းနှင့် ရေသန့်စင်စက်တည်ဆောက်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ခရိုင်ဦးစီးမှူး၊ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ (ဝဲပုံ)

ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် အဆိုပါကျေးရွာသုံးရွာရှိ အိမ်ခြေ ၃၉၀ အိမ်ထောင်စု ၁၆၇၀ တို့သည် ရာသီမရွေး သန့်ရှင်းသော သောက်သုံးရေကို လုံလောက်စွာ ရရှိသုံးစွဲနိုင်တော့မည် ဖြစ်ကြောင်း မအူပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

တေဇာလင်း

* *ကျောဖုံးမှ*

ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်တစ်လျှောက် ဟန့်တားကာကွယ်ခဲ့ရပြီး တုံ့ပြန်တိုက်စစ်ဆင်မှု အနည်းငယ်သာ ပြုလုပ်နိုင်ခဲ့သည်။ အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သော တိုက်စစ်ကစားသမား အမ်ဘာပေသည် လာလီဂါတွင် ၁၂ ပွဲ ကစားပြီး သွင်းဂိုး ၁၃ ဂိုးရှိလာပြီဖြစ်သည်။ ကစားပုံကြမ်းတမ်းမှုကြောင့် ဗလင်စီယာအသင်းခေါင်းဆောင် ဂါယာသည် ပွဲချိန် ၇၉ မိနစ်တွင် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိမှုကြောင့် လာလီဂါ ၁၂ ပွဲကစားပြီး ၁၀ ပွဲနိုင် နှစ်ပွဲရှုံးဖြင့် ရမှတ် ၃၀ ရရှိလာပြီဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် ရေးဆင်းက မာလာဂါကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ဆီဗီလာနှင့် အလာဗတ်စ်အသင်းပွဲစဉ်တွင် ဂိုးမရှိသရေ၊ အက်စ်ပန်ညိုနှင့် ဒီပို့တီဗို့အသင်းပွဲစဉ်တွင် ဂိုးမရှိသရေ၊ အိုဆာဆူနာနှင့် ဘိလ်ဘာအိုအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

အောင်ဇော်

ကုန်ဈေးနှုန်းမျှတရေးသည် ပြည်သူ့အကျိုးစီးပွား၏ အခြေခံ

ဉာဏ်သစ်(မန်းတက္ကသိုလ်)

ဈေးကွက်ကို လက်ဦးမှုရယူခြင်းထက် မျှတသောကုန်သွယ်မှုက ပိုအရေးကြီး

ဈေးကွက်စီးပွားရေးစနစ်တွင် နိုင်ငံတကာမှ ကုန်ပစ္စည်းများကို တင်သွင်းခွင့်ရရှိထားသော လုပ်ငန်းရှင်ကြီးများ၊ တရားဝင်ကိုယ်စားလှယ်များ၊ အဓိကဖြန့်ချိသူများနှင့် ကုန်သည်ကြီးများသည် ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြသည်။ ၎င်းတို့သည် နိုင်ငံတကာထုတ်လုပ်သူများနှင့် ပြည်တွင်းစားသုံးသူများအကြား ပေါင်းကူးပေးခြင်း၊ ကုန်ပစ္စည်းများ ပုံမှန်ရရှိစေရန် စီမံခြင်း၊ အရည်အသွေးနှင့် အာမခံဝန်ဆောင်မှုများ ပံ့ပိုးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ထိုလုပ်ငန်းများမှတစ်ဆင့် အမြတ်အစွန်းရရှိခြင်းသည် စီးပွားရေးလုပ်ငန်းတစ်ခု၏ သဘာဝကျသော ရည်မှန်းချက်ဖြစ်သည်။

သို့သော် ဈေးကွက်တစ်ခုအတွင်း အဓိကတင်သွင်းသူ သို့မဟုတ် ဖြန့်ချိသူ အနည်းငယ်က ကုန်ပစ္စည်းရရှိနိုင်မှုကို အလွန်အမင်းထိန်းချုပ်ထားပြီး ပြိုင်ဘက်အသစ်များ ဝင်ရောက်ရန် ခက်ခဲလာပါက ဈေးနှုန်းကို လွတ်လပ်စွာ ယှဉ်ပြိုင်သတ်မှတ်နိုင်သည့် အခြေအနေ အားနည်းလာနိုင်သည်။ ထိုအခါ အမြတ်အစွန်းရရှိရေးကိုသာ အဓိကထား၍ ဈေးနှုန်းသတ်မှတ်ခြင်း၊ ဖြန့်ချိမှုကို ကန့်သတ်ခြင်း၊ ကုန်ပစ္စည်းရှားပါးမှုကို အခွင့်ကောင်းယူခြင်း သို့မဟုတ် အရောင်းအဝယ်အခြေအနေများကို တစ်ဖက်သတ် သတ်မှတ်ခြင်းတို့ ဖြစ်ပေါ်နိုင်ခြေရှိသည်။ ယင်းတို့သည် သက်ဆိုင်ရာဈေးကွက်အခြေအနေ၊ ကုန်ကျစရိတ်နှင့် အထောက်အထားများအပေါ်မူတည်၍ စစ်ဆေးသုံးသပ်ရမည့် အရေးကြီးသော ကိစ္စရပ်များ ဖြစ်သည်။

အထူးသဖြင့် အိမ်ဆောက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ အီလက်ထရောနစ်နှင့် ကွန်ပျူတာဆက်စပ်ပစ္စည်း၊ ဆေးဝါးနှင့် စားသောက်ကုန်ကဏ္ဍများတွင် ဈေးနှုန်းတက်ခြင်းသည် လူတစ်ဦးချင်း၏ နေ့စဉ်အသုံးစရိတ်ကိုသာ ထိခိုက်စေသည်မဟုတ်ဘဲ အိမ်ရာတည်ဆောက်မှု၊ ပညာရေး၊ ကျန်းမာရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လည်ပတ်မှုအပေါ်ပါ သက်ရောက်နိုင်သည်။ အထူးသဖြင့် ဝင်ငွေတိုးတက်မှုနှင့် ကုန်ဈေးနှုန်းတိုးတက်မှုတို့ မမျှတသည့်အခါ မိသားစုများ၏ ဝယ်ယူနိုင်စွမ်းကျဆင်းလာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးကို ပြည်သူအားလုံး တန်းတူခံစားနိုင်ရန် ခက်ခဲလာမည်ဖြစ်သည်။

ထို့ကြောင့် ဤဆောင်းပါးသည် လုပ်ငန်းရှင်များ၏ အမြတ်အစွန်းရရှိမှုနှင့်ကို ငြင်းပယ်ခြင်းမဟုတ်ဘဲ အမြတ်အစွန်းရရှိမှုနှင့် ပြည်သူ့အကျိုးစီးပွားအကြား မျှတမှုရှိစေ ရေးကို အဓိကထားတင်ပြခြင်းဖြစ်သည်။ အဓိကစိန်ခေါ်မှုမှာ တင်သွင်းကုန်ကျစရိတ်၊ အခွန်အခ၊ သယ်ယူပို့ဆောင်ရေးနှင့် ငွေလဲနှုန်းတို့ကြောင့် ဈေးနှုန်းပြောင်းလဲမှုဖြစ်ခြင်းနှင့် ဈေးကွက်အာဏာကို အသုံးချ၍ မျှတမှုမရှိသော အမြတ်ရယူခြင်းတို့ကို ခွဲခြားသိရှိနိုင်ရန်ဖြစ်သည်။ ထိုသို့ခွဲခြားနိုင်ရန် ပွင့်လင်းမြင်သာသော ကုန်ကျစရိတ် အချက်အလက်၊ ထိရောက်သောယှဉ်ပြိုင်မှု၊ စားသုံးသူတိုင်ကြားမှုစနစ်နှင့် ဥပဒေကို အခြေခံသော ကြီးကြပ်ကွပ်ကဲမှုတို့ လိုအပ်သည်။

အိမ်ဆောက်ပစ္စည်းကဏ္ဍ – အိမ်ရာတည်ဆောက်ရေးကုန်ကျစရိတ်နှင့် ပြည်သူ့ဝန်ထုပ်ဝန်ပိုး

သံ၊ ဘိလပ်မြေ၊ သံမဏိ၊ ကြွေပြား၊ ရေပိုက်၊ လျှပ်စစ်ဝါယာကြိုး၊ ဆေးသုတ်ပစ္စည်းနှင့် အခြားဆောက်လုပ်ရေးပစ္စည်းများသည် အိမ်ရာတည်ဆောက်ရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်သည်။ ယင်းပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် ကမ္ဘာ့ဈေးနှုန်း၊ သယ်ယူပို့ဆောင်ရေးစရိတ်၊ အခွန်၊ ငွေလဲနှုန်းနှင့် သိုလှောင်စရိတ်တို့ကြောင့် ကုန်ကျစရိတ်ကွာခြားမှုများ ဖြစ်ပေါ်နိုင်သည်။ သို့ရာတွင် တင်သွင်းသူထံမှ လက်ကားရောင်းချသူ၊ အလယ်အလတ်ဖြန့်ချိသူနှင့် လက်လီအရောင်းဆိုင်အထိ အဆင့်ဆင့်ဖြန့်ချိရာတွင် ဈေးနှုန်းတိုးမြင့်မှုများ၏ အကြောင်းရင်းကို စားသုံးသူများ မသိရှိနိုင်ခြင်းသည် စိုးရိမ်ဖွယ်ရာဖြစ်သည်။

အထူးသဖြင့် အိမ်ဆောက်ပစ္စည်းအချို့ကို အဓိကဖြန့်ချိသူအနည်းငယ်ကသာ ဖြန့်ဝေထားခြင်း၊ လက်ကားဝယ်ယူနိုင်သည့် အခွင့်အလမ်းကို ကန့်သတ်ထားခြင်း သို့မဟုတ် ဈေးကွက်အတွင်း အခြားလုပ်ငန်းရှင်များ ဝင်ရောက်ယှဉ်ပြိုင်ရန် အခက်အခဲရှိခြင်းတို့ ဖြစ်ပေါ်နေပါက ဈေးနှုန်းသတ်မှတ်ပုံကို ပိုမိုစနစ်တကျ စစ်ဆေးရန် လိုအပ်သည်။ အကျိုးဆက်အနေဖြင့် အိမ်တစ်လုံး ဆောက်လုပ်ရန် လိုအပ်သောငွေကြေး ပိုမိုများပြားလာနိုင်ပြီး အိမ်ရာတည်ဆောက်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေး အလုပ်သမားများနှင့် အသေးစား ကန်ထရိုက်လုပ်ငန်းများအပေါ်ပါ ဖိအားဖြစ်စေနိုင်သည်။

ထို့ကြောင့် အိမ်ဆောက်ပစ္စည်းဈေးကွက်တွင် ပစ္စည်းအမျိုးအစားအလိုက် တင်သွင်းစျေး၊ ပြည်တွင်းသို့ရောက်ရှိသည့် ကုန်ကျစရိတ်၊ လက်ကားဈေးနှုန်း လက်လီဈေးတို့ကို သင့်လျော်သည့် နည်းလမ်းဖြင့် စောင့်ကြည့်သုံးသပ်ရမည်ဖြစ်သည်။ ကုန်ကျစရိတ်နှင့် အရည်အသွေး တူညီသည့် ပစ္စည်းများ၏ ဈေးနှုန်းကွာဟမှုကို လေ့လာခြင်းဖြင့် ဈေးကွက်တွင် မျှတသောယှဉ်ပြိုင်မှု ရှိမရှိကို ပိုမိုသိရှိနိုင်မည်ဖြစ်သည်။

လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းကဏ္ဍ— တရားဝင်ကိုယ်စားလှယ်၏ တာဝန်နှင့် ဈေးနှုန်းပွင့်လင်းမြင်သာမှု

လျှပ်စစ်ပစ္စည်း၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အဝတ်လျှော်စက်၊ တယ်လီဗုန်းဟန်းဆက်၊ ရုပ်မြင်သံကြား၊ မီးဖိုနှင့် အခြားအီလက်ထရောနစ်ပစ္စည်းများက ဝေါဒီလူနေမှုဘဝအတွက် အရေးပါသည်။ ထိုပစ္စည်းများကို နိုင်ငံတကာထုတ်လုပ်သူများထံမှ တင်သွင်းခွင့်ရရှိထားသော ကိုယ်စားလှယ်များသည် ထုတ်ကုန်၏ အရည်အသွေး၊ မူရင်းဖြစ်မှု၊ အာမခံ၊ ပြုပြင်ထိန်းသိမ်းရေးနှင့် အပိုပစ္စည်းရရှိနိုင်မှုတို့အတွက် တာဝန်ယူရသည်။ ထိုဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်ရှိသဖြင့် ဈေးနှုန်းတွင် အကျိုးအမြတ်ထည့်သွင်းခြင်းက သဘာဝကျသည်။

သို့သော် အမှတ်တံဆိပ်တစ်ခု၏ တရားဝင်ကိုယ်စားလှယ်ဖြစ်ခြင်းကို အသုံးပြု၍ အခြားရောင်းချသူများ၏ ယှဉ်ပြိုင်နိုင်မှုကို မလိုအပ်ဘဲ ကန့်သတ်ခြင်း၊ အာမခံစည်းကမ်းများကို ရှင်းလင်းစွာဖော်ပြမှုမရှိခြင်း၊ ဈေးနှုန်းနှင့် အပိုကုန်ကျ စရိတ်များကို ကြိုတင်မသိစေခြင်း သို့မဟုတ် အရောင်းအဝယ်စည်းကမ်းများကို တစ်ဖက်သတ် သတ်မှတ်ခြင်းတို့ ရှိ၊ မရှိ စစ်ဆေးသင့်သည်။ အထူးသဖြင့် တူညီသောပစ္စည်း တစ်မျိုးကို ရောင်းချသူအလိုက် ဈေးနှုန်းကွာခြားနေပါက အာမခံအမျိုးအစား၊ ပို့ဆောင်ခ၊ တပ်ဆင်ခ၊ အခွန်နှင့် အခြားဝန်ဆောင်မှုများကို ခွဲခြားနှိုင်းယှဉ်နိုင်ရန် လိုအပ်သည်။

အများပြည်သူအတွက် အကျိုးရှိသော ဈေးကွက်တစ်ခုဖြစ်လာစေရန် ထုတ်ကုန်၏ မူရင်းနိုင်ငံ၊ မော်ဒယ်၊ အာမခံသက်တမ်း၊ ပြုပြင်ထိန်းသိမ်းရေးစည်းကမ်းနှင့် စုစုပေါင်း ပေးချေရမည့် ဈေးနှုန်းတို့ကို ရှင်းလင်းစွာဖော်ပြသင့်သည်။ တရားဝင်ကိုယ်စားလှယ်များအနေဖြင့်လည်း ဈေးကွက်ကို ထိန်းချုပ်ရန်ထက် ဝန်ဆောင်မှုအရည်အသွေး၊ နည်းပညာပံ့ပိုးမှုနှင့် ယုံကြည်စိတ်ချရမှုတို့ဖြင့် ယှဉ်ပြိုင်ခြင်းကို ဦးစားပေးရမည်ဖြစ်သည်။

> **“နိုင်ငံတော်အနေဖြင့် ကုန်ပစ္စည်းအားလုံး၏ ဈေးနှုန်းကို တစ်ပုံစံတည်း သတ်မှတ်ခြင်းထက် ဈေးကွက်တစ်ခုချင်းစီ၏ အခြေအနေကိုလေ့လာပြီး ပြိုင်ဆိုင်မှုကို ထိခိုက်စေသော လုပ်ရပ်များကို ထိရောက်စွာတားဆီးခြင်း၊ မရှိမဖြစ် ကုန်ပစ္စည်းများ၏ ရရှိနိုင်မှုကို စောင့်ကြည့်ခြင်း၊ ဈေးနှုန်းအချက်အလက်များကို ပြည်သူသိရှိနိုင်စေရန် စီစဉ်ခြင်းနှင့် တိုင်ကြားမှုများကို မျှတမြန်ဆန်စွာ ဖြေရှင်းခြင်းတို့ကို ဦးစားပေးသင့်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းသည် စီးပွားရေးလုပ်ငန်းရှင်များ၏ တရားဝင်အကျိုးအမြတ်ရရှိခွင့်ကို ထိန်းသိမ်းပေးသကဲ့သို့ ပြည်သူများအပေါ် မမျှတသော ဈေးကွက်အာဏာ သက်ရောက်မှုကိုလည်း လျော့ချနိုင်မည်”**

ကွန်ပျူတာနှင့် နည်းပညာဆက်စပ်ပစ္စည်းကဏ္ဍ – ဒီဂျစ်တယ်ဖွံ့ဖြိုးရေးအတွက် မျှတသောဈေးနှုန်း

ကွန်ပျူတာ၊ လက်ပ်တော့၊ ပရင်တာ၊ မော်နီတာ၊ သိုလှောင်ရေးကိရိယာ၊ ကွန်ရက်ဆက်သွယ်ရေးပစ္စည်းနှင့် အခြားဆက်စပ်ပစ္စည်းများသည် ကျောင်းသားများ၊ ဆရာ ဆရာမများ၊ ရုံးလုပ်ငန်းများ၊ အသေးစားစီးပွားရေးလုပ်ငန်းများနှင့် နည်းပညာ အခြေပြုလုပ်ငန်းများအတွက် အရေးကြီးသော ကိရိယာများဖြစ်သည်။ ထိုပစ္စည်းများ၏ ဈေးနှုန်းမြင့်မားမှုက ကိုယ်ပိုင်လုပ်ငန်းတည်ထောင်လိုသူများနှင့် ဒီဂျစ်တယ်နည်းပညာကို အသုံးချလိုသူများအတွက် အတားအဆီးတစ်ရပ် ဖြစ်လာနိုင်သည်။

နည်းပညာပစ္စည်းများတွင် မော်ဒယ်၊ စွမ်းဆောင်ရည်၊ ထုတ်လုပ်သည့်နှစ်၊ အာမခံနှင့် မူရင်းဖြစ်မှုတို့အလိုက် ဈေးနှုန်းကွာခြားမှုရှိနိုင်သည်။ ထို့ကြောင့် အွန်လိုင်းတွင်တွေ့ရသော နိုင်ငံတကာ ဈေးနှုန်းနှင့် ပြည်တွင်းဈေးနှုန်းကို တိုက်ရိုက် နှိုင်းယှဉ်ခြင်းထက် တင်သွင်းကုန်ကျစရိတ်၊ ငွေလဲနှုန်း၊ အခွန်အခနှင့် ဝန်ဆောင်မှုတို့ကိုပါ ထည့်သွင်းစဉ်းစားရမည်။ သို့ရာတွင် ဈေးကွက်အတွင်း တူညီသော ပစ္စည်းများ၏ ဈေးနှုန်းကွာဟမှု အလွန်များပြားနေပါက ထိုကွာဟမှု၏ အကြောင်းရင်းကို ရှင်းလင်းဖော်ပြနိုင်သည့် အချက်အလက်များရရှိရန် အရေးကြီးသည်။

ဤကဏ္ဍတွင် အဓိက တင်သွင်းသူများက လက်ကားဖြန့်ချိမှုကို မျှတစွာဆောင်ရွက်ခြင်း၊ အရောင်းဆိုင်များအကြား ယှဉ်ပြိုင်မှုကို အားပေးခြင်းနှင့် အာမခံဝန်ဆောင်မှုကို ပွင့်လင်းမြင်သာစွာ ဖော်ပြခြင်းတို့သည် စားသုံးသူအကျိုးစီးပွားကို တိုးတက်စေနိုင်သည်။ ထို့ပြင် အသေးစားနှင့် အလတ်စား နည်းပညာလုပ်ငန်းများ ကုန်ပစ္စည်း ရရှိနိုင်မှု ပိုမိုကောင်းမွန်လာပါက အလုပ်အကိုင် ဖန်တီးမှု၊ ကျွမ်းကျင်မှုဖွံ့ဖြိုးရေးနှင့် နည်းပညာ အသုံးချမှုတို့ကိုပါ အထောက်အကူပြုနိုင်မည် ဖြစ်သည်။

ဆေးဝါးနှင့် စားသောက်ကုန်ကဏ္ဍ – အမြတ်အစွန်းထက် လူမှုဘဝနှင့် ကျန်းမာရေးကိုပါ ထည့်သွင်းစဉ်းစားရန်

ဆေးဝါးနှင့် စားသောက်ကုန်များသည် အခြားလူသုံးကုန်ပစ္စည်းများနှင့်မတူဘဲ လူတို့၏ အသက်ရှင်နေထိုင်မှု၊ ကျန်းမာရေးနှင့် နေ့စဉ် စားဝတ်နေရေးတို့ကို တိုက်ရိုက်သက်ရောက်စေသည်။ ဆေးဝါးတင်သွင်းသူများနှင့် ဖြန့်ချိသူများသည် အရည်အသွေး၊ သိုလှောင်မှု၊ သက်တမ်း၊ သယ်ယူပို့ဆောင်ရေးနှင့် သက်ဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရသည့်အပြင် ပြည်သူများ လိုအပ်သော ဆေးဝါးများကို အချိန်မီရရှိနိုင်စေရန်လည်း အရေးပါသောတာဝန်ရှိသည်။ စားသောက်ကုန်ကဏ္ဍတွင်လည်း အစားအစာဘေးကင်းရေး၊ သက်တမ်းကုန်ဆုံးမှု၊ သိုလှောင်မှုအခြေအနေနှင့် ဖြန့်ချိရေး စနစ်တို့သည် အဓိကကျသည်။

ဤကဏ္ဍများတွင် ကုန်ပစ္စည်းရှားပါးမှု သို့မဟုတ် ပြည်ပတင်သွင်းစရိတ် မြင့်တက်မှုကြောင့် ဈေးနှုန်းပြောင်းလဲနိုင်သော်လည်း လိုအပ်ချက် မြင့်မားနေချိန်ကို အခွင့်ကောင်းယူ၍ ပစ္စည်း သိုလှောင်ထားခြင်း၊ အရောင်းကို မသင့်လျော်စွာ ကန့်သတ်ခြင်း၊ အရည်အသွေးနှင့် သက်တမ်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းစွာ မဖော်ပြခြင်းတို့ကို လက်ခံနိုင်မည်မဟုတ်ပေ။ အဆိုပါလုပ်ရပ်များ ဖြစ်ပေါ်နေခြင်းရှိ၊ မရှိကို အထောက်အထားဖြင့် စစ်ဆေးရမည်ဖြစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာ ဌာနများက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

အခြေခံစားသောက်ကုန်နှင့် မရှိမဖြစ် ဆေးဝါးများအတွက် ဈေးနှုန်းပြောင်းလဲမှုလက်ကျန်ပမာဏနှင့် ဖြန့်ချိရေးအခြေအနေတို့ကို စနစ်တကျ စောင့်ကြည့်ခြင်းသည် ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ရာရောက်သည်။ အထူးသဖြင့် ဆေးဝါး ဈေးနှုန်းမြင့်တက်မှုသည် ဝင်ငွေနည်းမိသားစုများအတွက် ကုသမှုခံယူနိုင်စွမ်းကို လျော့ကျစေနိုင်သကဲ့သို့ စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုသည် မိသားစုဘတ်ဂျက်အတွင်း အာဟာရပြည့်ဝသော အစားအစာများ ဝယ်ယူနိုင်မှုကိုပါ ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ဤကဏ္ဍများတွင် ကုန်သွယ်ရေး အကျိုးအမြတ်နှင့်အတူ လူမှုဘဝဝန်ယူမှုကိုပါ အလေးထားရန် လိုအပ်သည်။

ဈေးကွက်စီးပွားရေးစနစ်နှင့် နိုင်ငံတော်၏ တာဝန် – လွတ်လပ်သောယှဉ်ပြိုင်မှုကို မျှတစွာ ကာကွယ်ခြင်း

ဈေးကွက်စီးပွားရေးစနစ်၏ အားသာချက်မှာ ဝယ်လိုအားနှင့် ရောင်းလိုအားအပေါ် အခြေခံ၍ ဈေးနှုန်းများ ပြောင်းလဲနိုင်ခြင်း၊ လုပ်ငန်းရှင်များက ထုတ်ကုန်နှင့် ဝန်ဆောင်မှုအသစ်များ ဖန်တီးနိုင်ခြင်း၊ စားသုံးသူများက ရွေးချယ်ဝယ်ယူနိုင်ခြင်း တို့ဖြစ် သည်။ လုပ်ငန်းရှင်တစ်ဦး အောင်မြင်လာခြင်း သို့မဟုတ် အမြတ်များစွာရရှိခြင်း တစ်ခုတည်းဖြင့် မတရားမှုဟု သတ်မှတ်၍မရပေ။ အဓိက စစ်ဆေးရမည့်အချက်မှာ ထိုအမြတ်အစွန်းကို ထိရောက်သော လုပ်ငန်းဆောင်ရွက်မှုနှင့် ဝန်ဆောင်မှု ကောင်းမွန်မှုတို့မှ ရရှိခြင်း သို့မဟုတ် ဈေးကွက်အာဏာကို အသုံးချ၍ ပြိုင်ဘက်များကို ဖယ်ထုတ်ခြင်း၊ ဈေးနှုန်းကို

စာမျက်နှာ ၁၁ သို့

Social Etiquette လူမှုဘဝထဲက လောကဝတ်များ

လုပ်ငန်းခွင်ယုံကြည်မှု-(၁၅)

မေ

အလုပ်ခွင်မှာ အောင်မြင်ဖို့အတွက် လုပ်ငန်းကျွမ်းကျင်မှုတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ လုပ်ဖော်ကိုင်ဖက်တွေ၊ အကြီးအကဲတွေနဲ့ ဘယ်လိုဆက်ဆံသလဲ၊ ကိုယ့်တာဝန်ကို ဘယ်လိုတာဝန်ယူဆောင်ရွက်သလဲဆိုတာကလည်း အရေးကြီးပါတယ်။ ယုံကြည်မှုဆိုတာ တစ်ရက်တည်းနဲ့ မရနိုင်ဘဲ နေ့စဉ် ပြုမူနေထိုင်ပုံတွေကနေ



တည်ဆောက်ယူရတာပါ။

အလုပ်ခွင်မှာ ကိုယ်ပေးထားတဲ့ ကတိကိုတည်တာ၊ တာဝန်ပေးအပ်ထားတဲ့ အလုပ်ကို အလေးထားဆောင်ရွက်တာနဲ့ အမှားတွေ ရှိလာတဲ့အခါ တာဝန်ယူဖြေရှင်းတတ်တာတွေက ယုံကြည်မှုရရှိစေတဲ့ အခြေခံအချက်တွေ ဖြစ်ကြပါတယ်။ အခက်အခဲကြုံရတဲ့အခါ အကြောင်းပြချက်ရှာတာထက် ဖြေရှင်းနည်းကို ရှာတတ်ဖို့လိုပါတယ်။

ဒါ့အပြင် လုပ်ဖော်ကိုင်ဖက်တွေရဲ့ အောင်မြင်မှုကို ဝမ်းမြောက်စွာ အသိအမှတ်ပြုပေးတာ၊ အကူအညီလိုအပ်တဲ့အခါ ပူးပေါင်းဆောင်ရွက်ပေးတာမျိုးကလည်း ကောင်းမွန်တဲ့ အလုပ်ပတ်ဝန်းကျင်ကို ဖန်တီးပေးပါတယ်။ ကိုယ့်အရည်အချင်းကို ပြသရုံတင်မကဘဲ အဖွဲ့အစည်းအတွက်ပါ စေတနာထားရပါမယ်။

အလုပ်ခွင်မှာ ယုံကြည်မှုရရှိသူဖြစ်ဖို့ဆိုတာ ထူးခြားဆန်းပြားတဲ့ အရာတစ်ခုကို လုပ်ဆောင်ရခြင်း မဟုတ်ပါဘူး။ ရိုးသားမှု၊ တာဝန်ယူမှု၊ လေးစားမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတို့ကို နေ့စဉ်လက်တွေ့ကျင့်သုံးခြင်းကနေ စတင်တာပါ။ ဒီလို အကျင့်ကောင်းတွေက မိမိ၏ အလုပ်အကိုင်ဘဝကို ပိုမိုတောက်ပစေပါတယ်။



မင်းလှမြို့နယ်၌ ရေစုဆောင်းခြင်းနှင့် ရေဖြန့်ဝေရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်

မင်းလှ နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရပ်ကွက်နေပြည်သူများ သောက်သုံးရေ ပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် နိုဝင်ဘာ ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်ဦးနှင့် ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်နေပြည်သူများအား သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရန် မြစ်ရေကျချိန်တွင် မြို့ရေပေးဝေရေးလုပ်ငန်းရှိ ပွန်တွန်းများတွင် ထပ်မံလိုအပ်မည့် ရေတင်ပိုက်လိုင်းများနှင့် မီးလိုင်းများ အသင့်အနေအထား အသုံးပြုနိုင်ရေး၊ အရေးပေါ်ရေစုကန်များနှင့် အများသုံးကန်များတွင် ရေအပြည့်ရှိနေစေရေး၊ ရေဖြန့်ဝေပေးနေသော ရေပိုက်လိုင်းများ သတ်မှတ်ချိန်အတိုင်း ကန့်သတ်ချက်ဖြင့် စနစ်တကျသောက်သုံးရေဖြန့်ဝေပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စည်ပင်သာယာရေးအဖွဲ့ပိုင်စွေးများ မီးဘေးလုံခြုံရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရဲဝင်းနိုင်(ညောင်ဦး)

သုံးရေ ချွေတာသုံးစွဲရေး



ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။



မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိုဆောင်ရွက်ပါ။



အပင်ရေလောင်းချိန်ကို အချိန်ကိုက် လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနောင်ပိုင်းကဲ့သို့ အေးမြသော အချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

စာမျက်နှာ ၁၀ မှ

ပူးပေါင်းသတ်မှတ်ခြင်း သို့မဟုတ် ကုန်ပစ္စည်းဖြန့်ချိမှုကို မသင့်လျော်စွာ ကန့်သတ်ခြင်းတို့မှ ရရှိခြင်းဆိုသည့် အချက်ဖြစ်သည်။

နိုင်ငံတကာအတွေ့အကြုံအရ ဥရောပသမဂ္ဂသည် ဈေးကွက်တွင် အင်အားကြီးမားသော လုပ်ငန်းတစ်ခုရှိနေခြင်းကိုသာ ဥပဒေချိုးဖောက်မှုဟု မသတ်မှတ်ဘဲ ထိုလုပ်ငန်းက အင်အားကြီးမားသည့်အနေအထားကို အလွဲသုံးစားပြုခြင်း ရှိ၊ မရှိကို စစ်ဆေးသည်။ ဈေးနှုန်းမမျှတစွာ သတ်မှတ်ခြင်း၊ ပြိုင်ဘက်များ၏ ဈေးကွက်ဝင်ရောက်မှုကို ပိတ်ပင်ခြင်းနှင့် ဈေးကွက်ယှဉ်ပြိုင်မှုကို ထိခိုက်စေခြင်းတို့သည် စုံစမ်းစစ်ဆေးနိုင်သည့် အပြုအမူများဖြစ်သည်။ အလားတူပင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (OECD) ကလည်း ထိရောက်သောယှဉ်ပြိုင်မှုမူဝါဒနှင့် ဥပဒေစိုးမိုးမှုတို့သည် စားသုံးသူအကျိုးစီးပွား၊ စီးပွားရေး ထိရောက်မှုနှင့် ရေရှည်တိုးတက်မှုတို့အတွက် အရေးကြီးကြောင်း ဖော်ပြထားသည်။ (– ဥရောပကော်မရှင်၊ Article 102 Investigations၊ OECD၊ Competition Policy)

မြန်မာနိုင်ငံတွင်လည်း ၂၀၁၉ ခုနှစ် စားသုံးသူကာကွယ်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၉) နှင့် ယှဉ်ပြိုင်မှုဥပဒေတို့ အပါအဝင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို အခြေခံ၍ ဈေးကွက်အခြေအနေများကို စစ်ဆေးကြီးကြပ်နိုင်သည်။ စားသုံးသူကာကွယ်ရေးဥပဒေတွင် စားသုံးသူ၏ သတင်းအချက်အလက် မှန်ကန်စွာရရှိခွင့်၊ ရွေးချယ်ဝယ်ယူခွင့်နှင့် နစ်နာမှုအတွက် ကုစားခွင့်တို့ကို အသိအမှတ်ပြုထားသည်။ ထို့ပြင် လုပ်ငန်းရှင်များက ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဆိုင်ရာ အချက်အလက်များကို မှန်ကန်စွာပေးအပ်ရန်နှင့် စားသုံးသူကို လှည့်ဖြားစေသော ကြော်ငြာများကို ရှောင်ကြဉ်ရန်လည်း သတ်မှတ်ထားသည်။ ယင်းတို့သည် ဈေးနှုန်းပွင့်လင်းမြင်သာမှုနှင့် စားသုံးသူယုံကြည်မှု တည်ဆောက်ရေးအတွက် အရေးပါသော ဥပဒေမူဘောင်များဖြစ်သည်။ (–မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးဥပဒေ၊ ၂၀၁၉၊ WIPO Lex)

နိုင်ငံတော်အနေဖြင့် ကုန်ပစ္စည်းအားလုံး၏ ဈေးနှုန်းကို တစ်ပုံစံတည်း သတ်မှတ်ခြင်းထက် ဈေးကွက်တစ်ခုချင်းစီ၏ အခြေအနေကို လေ့လာပြီး ပြိုင်ဆိုင်မှုကို ထိခိုက်စေသော လုပ်ရပ်များကို ထိရောက်စွာတားဆီးခြင်း၊ မရှိမဖြစ် ကုန်ပစ္စည်းများ၏ ရရှိနိုင်မှုကို စောင့်ကြည့်ခြင်း၊ ဈေးနှုန်း အချက်အလက်များကို ပြည်သူသိရှိနိုင်စေရန် စီစဉ်ခြင်းနှင့် တိုင်ကြားမှုများကို မျှတမြန်ဆန်စွာ ဖြေရှင်းခြင်းတို့ကို ဦးစားပေးသင့်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းသည် စီးပွားရေးလုပ်ငန်းရှင်များ၏ တရားဝင်အကျိုးအမြတ်ရရှိခွင့်ကို ထိနိုးသိမ်းပေးသကဲ့သို့ ပြည်သူများအပေါ် မမျှတသော ဈေးကွက်အာဏာ သက်ရောက်မှုကိုလည်း လျော့ချနိုင်မည်ဖြစ်သည်။

အမြတ်အစွန်းရှိသောလုပ်ငန်းနှင့် အကျိုးရှိသော လူ့အဖွဲ့အစည်းကို တစ်ပြိုင်နက်တည်ဆောက်ရန်

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကုန်သွယ်မှုပမာဏနှင့် လုပ်ငန်းရှင်များ၏ အမြတ်အစွန်းပမာဏတို့ဖြင့်သာ တိုင်းတာ၍ မရပေ။ ထိုတိုးတက်မှုကြောင့် ပြည်သူများ၏ ဝယ်ယူနိုင်စွမ်းတိုးတက်လာခြင်း၊ အိမ်ရာတည်ဆောက်ရေးနှင့် ပညာရေးအတွက် လိုအပ်သော ပစ္စည်းများကို လက်လှမ်းမိခြင်း၊ ကျန်းမာရေးအတွက် လိုအပ်သောဆေးဝါးများ ရရှိနိုင်ခြင်းနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ ရှင်သန်တိုးတက်နိုင်ခြင်းတို့လည်း အရေးကြီးသည်။

ထို့ကြောင့် သက်ဆိုင်ရာ ဌာနများအနေဖြင့် အဓိကတင်သွင်းသူများနှင့် ဖြန့်ချိသူများ၏ ဈေးနှုန်းသတ်မှတ်ပုံ၊ လက်ကားနှင့် လက်လီဈေးနှုန်းကွာဟမှု၊ ကုန်ပစ္စည်းလက်ကျန်နှင့် ဖြန့်ချိမှု အခြေအနေတို့ကို အန္တရာယ်အခြေပြု၍ စောင့်ကြည့်စစ်ဆေးသင့်သည်။ ဈေးနှုန်းကွာဟမှုများကို တွေ့ရှိရသည့်အခါ ကုန်ကျစရိတ်နှင့် အခြားသက်ဆိုင်ရာ အချက်အလက်များကို စစ်ဆေးပြီး ဥပဒေချိုးဖောက်မှုရှိကြောင်း အထောက်အထားတွေ့ရှိမှသာ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူသင့်သည်။ ပြည်သူများအနေဖြင့်လည်း ဝယ်ယူသည့်ပစ္စည်း၏ ပြောစာ၊ ဈေးနှုန်းကြေညာချက်၊ အာမခံစာရွက်စာတမ်းနှင့် တိုင်ကြားမှုအတွက် လိုအပ်သော အထောက်အထားများကို ထိန်းသိမ်းထားရမည်ဖြစ်သည်။

ကုန်သည်ကြီးများနှင့် တင်သွင်းဖြန့်ချိရေး လုပ်ငန်းရှင်များအတွက်လည်း ရေရှည်အောင်မြင်မှုသည် ဈေးကွက်ကို လက်ဦးမှုရယူထားနိုင်ခြင်း တစ်ခုတည်းအပေါ် မတည်မှီပေ။ အရည်အသွေးကောင်းမွန်မှု၊ ဈေးနှုန်းသင့်တင့်မှု၊ ဝန်ဆောင်မှုကောင်းမွန်မှု၊ တာဝန်ယူမှုနှင့် ပြည်သူ့ယုံကြည်မှုတို့အပေါ်မူတည်သည်။ ပြည်သူ့အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားသော စီးပွားရေးလုပ်ငန်းများသည် ဈေးကွက်အတွင်း ယုံကြည်မှုကို ပိုမိုရရှိနိုင်ပြီး ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုနိုင်သည်။

မျှတသော ဈေးကွက်တစ်ခုဆိုသည်မှာ လုပ်ငန်းရှင်များ အဖြတ်မရရှိသည့် ဈေးကွက် မဟုတ်သကဲ့သို့ ပြည်သူများက အမြဲတမ်း ဈေးကြီးပေးဝယ်ယူနေရသည့် ဈေးကွက်လည်း မဟုတ်ပေ။ အကျိုးအမြတ်ရရှိခွင့်နှင့် စားသုံးသူအခွင့်အရေးတို့ကို ဥပဒေနှင့်အညီ ဟန်ချက်ညီစွာ ကာကွယ်ပေးနိုင်သော ဈေးကွက်ဖြစ်သည်။ ထိုသို့သော ဈေးကွက် တစ်ခုကို တည်ဆောက်နိုင်မှသာ ကုန်သွယ်မှု၏ အကျိုးကျေးဇူးများသည် လုပ်ငန်းရှင်အချို့ထံတွင်သာ စုစည်းမနေဘဲ ပြည်သူလူထုနှင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အကျိုးပြုနိုင်မည်ဖြစ်ပါသည်။

ကိုးကားအရင်းအမြစ်များ

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးဥပဒေ၊ ၂၀၁၉ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၉) — စားသုံးသူအခွင့်အရေး၊ လုပ်ငန်းရှင်များ၏ တာဝန်နှင့် ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များ။

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုဥပဒေ၊ ၂၀၁၅ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉/၂၀၁၅) – ဈေးကွက်အာဏာအလွဲသုံးစားပြုမှု၊ ဈေးနှုန်းကိုခြယ်လှယ်မှုနှင့် မျှတသော ယှဉ်ပြိုင်မှုဆိုင်ရာ ဥပဒေမူဘောင်။ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုဥပဒေ။

European Commission – Article 102 Investigations – ဈေးကွက် အာဏာကြီးမားသော လုပ်ငန်းများ၏ အပြုအမူ၊ ဈေးကွက်လွှမ်းမိုးမှုနှင့် မမျှတသောဈေးနှုန်းသတ်မှတ်မှုကို စစ်ဆေးသည့် နိုင်ငံတကာဥပမာများ။ ဥရောပကော်မရှင်၏ စုံစမ်းစစ်ဆေးရေးမူဘောင်။

OECD — Competition Policy — ယှဉ်ပြိုင်မှုမူဝါဒ၊ စားသုံးသူအကျိုးစီးပွားနှင့် စီးပွားရေးတိုးတက်မှုတို့၏ ဆက်စပ်မှုများ။ OECD ၏ ယှဉ်ပြိုင်မှုမူဝါဒဆိုင်ရာ အရင်းအမြစ်။

United Nations Guidelines for Consumer Protection – UNCTAD – စားသုံးသူကာကွယ်ရေးဥပဒေ၊ အဖွဲ့အစည်းဆိုင်ရာ ကြီးကြပ်မှုနှင့် နစ်နာမှု ကုစားရေးစနစ်များအတွက် နိုင်ငံတကာ လမ်းညွှန်။ ကုလသမဂ္ဂ စားသုံးသူကာကွယ်ရေး လမ်းညွှန်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ

(ယမန်နေ့မှအဆက်)

ပုံစံ (၁၇-၁)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ
မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် (နိုင်ငံပြင်ပ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပေးပို့ထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအရ
တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----------တိုင်းရင်းသားလူမျိုးလွှတ်တော်/ကိုယ်စားလှယ်လောင်းများ ရရှိသောဆန္ဒမဲစာရင်း

[နည်းဥပဒေ ၉၂(က)(၁)]

----------တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----------တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်
----------တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ

စဉ်	လွှတ်တော် ကိုယ်စားလှယ်လောင်းအမည်	(၃)"ကိုယ်စားပြုသော ပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ"	ရရှိသောဆန္ဒမဲအရေအတွက်		မှတ်ချက်
			ဂဏန်းဖြင့်	စာဖြင့်	
					၁။ထုတ်ပေးသည့်ကြိုတင်ဆန္ဒမဲလက်မှတ် =
					၂။ လက်ခံရရှိသည့်ကြိုတင်ဆန္ဒမဲလက်မှတ် =
					၃။ ရေတွက်သည့် ခိုင်လုံ ကြိုတင်ဆန္ဒမဲလက်မှတ် =
					၄။ ပယ်သည့်ကြိုတင်ဆန္ဒမဲလက်မှတ် =
					၅။ ပြန်လည်မရရှိသောကြိုတင်ဆန္ဒမဲလက်မှတ် =
					၁=၂+၅ ၂ = ၃+၄

ဤကြိုတင်ဆန္ဒမဲလက်မှတ်များကို ၂၀ ခုနှစ်၊ လ ရက်နေ့ နာရီအချိန်တွင် ဖွင့်လှစ်ရေတွက်ပါသည်။

မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်များလက်မှတ်နှင့်အမည်	အများပြည်သူအသိသက်သေများလက်မှတ်နှင့်အမည်	တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ လက်မှတ်နှင့်အမည်
၁။ ----------	၁။ ----------	၁။ ဥက္ကဋ္ဌ----------
၂။ ----------	၂။ ----------	၂။ အတွင်းရေးမှူး----------
၃။ ----------	၃။ ----------	၃။ အဖွဲ့ဝင်----------
၄။ ----------	၄။ ----------	၄။ အဖွဲ့ဝင်----------
ရက်စွဲ၊ ----------		

မှတ်ချက်။ ဤပုံစံတွင် လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

ပုံစံ {၁၇(က-၁)}

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ
မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် (ပြည်တွင်း) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပေးပို့ထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များအရ
တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----------တိုင်းရင်းသားလူမျိုးလွှတ်တော်/ကိုယ်စားလှယ်လောင်းများ ရရှိသောဆန္ဒမဲစာရင်း

[နည်းဥပဒေ ၉၂(ခ)(၁)]

----------တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----------တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ----------မြို့နယ်
----------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

စဉ်	လွှတ်တော် ကိုယ်စားလှယ်လောင်းအမည်	(၃)"ကိုယ်စားပြုသော ပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ"	ရရှိသောဆန္ဒမဲအရေအတွက်		မှတ်ချက်
			ဂဏန်းဖြင့်	စာဖြင့်	
					၁။ထုတ်ပေးသည့်ကြိုတင်ဆန္ဒမဲလက်မှတ် =
					၂။ လက်ခံရရှိသည့်ကြိုတင်ဆန္ဒမဲလက်မှတ် =
					၃။ ရေတွက်သည့် ခိုင်လုံ ကြိုတင်ဆန္ဒမဲလက်မှတ် =
					၄။ ပယ်သည့်ကြိုတင်ဆန္ဒမဲလက်မှတ် =
					၅။ ပြန်လည်မရရှိသောကြိုတင်ဆန္ဒမဲလက်မှတ် =
					၁=၂+၅ ၂ = ၃+၄

ဤကြိုတင်ဆန္ဒမဲလက်မှတ်များကို ၂၀ ခုနှစ်၊ လ ရက်နေ့ နာရီအချိန်တွင် ဖွင့်လှစ်ရေတွက်ပါသည်။

မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်များလက်မှတ်နှင့်အမည်	အများပြည်သူအသိသက်သေများလက်မှတ်နှင့်အမည်	မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ လက်မှတ်နှင့်အမည်
၁။ ----------	၁။ ----------	၁။ ဥက္ကဋ္ဌ----------
၂။ ----------	၂။ ----------	၂။ အတွင်းရေးမှူး----------
၃။ ----------	၃။ ----------	၃။ အဖွဲ့ဝင်----------
၄။ ----------	၄။ ----------	၄။ အဖွဲ့ဝင်----------
ရက်စွဲ၊ ----------		

မှတ်ချက်။ ဤပုံစံတွင် လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ မှ

ပုံစံ {၁၇(ခ-၁)}

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ
တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----------တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်း
[နည်း၌ပဒေ ၅၇ (ခ)၊ ၉၃ (ဇ)]

---------- တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၊ ---------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ----------မြို့နယ်၊ ----------- ရပ်ကွက်/ကျေးရွာအုပ်စု၊ မဲရုံအမှတ် ( )
မဲရုံတွင်ဆန္ဒမဲပေးသူဦးရေ - ( ) ဦး

စဉ်	လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်	(၃)"ကိုယ်စားပြုသော ပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ"	ရရှိသောဆန္ဒမဲအရေအတွက်				မှတ်ချက်
			ဆန္ဒမဲ လက်မှတ်ဖြင့်	ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့်	စုစုပေါင်း		
					ဂဏန်းဖြင့်	စာဖြင့်	
							၁။ မဲဆန္ဒရှင်များသို့ ထုတ်ပေးသည့် ဆန္ဒမဲလက်မှတ် =
							၂။ မဲပုံးထဲမှထုတ်ယူရရှိသည့်ကြိုတင်ဆန္ဒမဲ လက်မှတ် =
							၃။ ရေတွက်သည့်ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် ဆန္ဒမဲလက်မှတ်ပေါင်း(ပယ်မဲပျောက်မဲမပါ) =
							၄။ ပယ်မဲပေါင်း =
							၅။ ပျောက်မဲပေါင်း =
							(၁ + ၂ = ၃ + ၄ + ၅)

မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။

မဲရုံကိုယ်စားလှယ်များလက်မှတ်နှင့်အမည်
၁။ ----------
၂။ ----------
၃။ ----------
၄။ ----------

အများပြည်သူအသိသက်သေများလက်မှတ်နှင့်အမည်
၁။ ----------
၂။ ----------
၃။ ----------
၄။ ----------

မဲရုံမှူး / မဲရုံအဖွဲ့ဝင်များလက်မှတ်နှင့်အမည်
၁။ မဲရုံမှူး ----------
၂။ မဲရုံအဖွဲ့ဝင် ----------
၃။ မဲရုံအဖွဲ့ဝင် ----------
၄။ မဲရုံအဖွဲ့ဝင် ----------

ရက်စွဲ ၊ ----------

မှတ်ချက်။ ဤပုံစံတွင် လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။

သက်သေများစာရင်း

၁။ ဦး/ဒေါ် ----------
၂။ ဦး/ဒေါ် ----------
၃။ ဦး/ဒေါ် ----------
၄။ ဦး/ဒေါ် ----------
၅။ ဦး/ဒေါ် ----------
၆။ ဦး/ဒေါ် ----------
၇။ ဦး/ဒေါ် ----------
၈။ ဦး/ဒေါ် ----------
၉။ ဦး/ဒေါ် ----------
၁၀။ ဦး/ဒေါ် ----------

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

ပုံစံ {၁၇(ခ-၁)}

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ
တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----------တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်း
(အီလက်ထရောနစ်မဲပေးစက်)
[နည်း၌ပဒေ ၇၅ (စ)]

---------- တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၊ ---------- တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ----------မြို့နယ်၊ ----------- ရပ်ကွက်/ကျေးရွာအုပ်စု၊ မဲရုံအမှတ် ( )
မဲရုံတွင်ဆန္ဒမဲပေးသူဦးရေ - ( ) ဦး
အသုံးပြုသည့်အီလက်ထရောနစ်မဲပေ၏ စက် - ထိန်းချုပ်စက် (CU)----------၊ ဆန္ဒပြုစက် (BU) ..... ၊ မဲပေးချက်ဖော်ပြသည့်စက်(VU) .....

စဉ်	လွှတ်တော် ကိုယ်စားလှယ် လောင်းအမည်	(၃)"ကိုယ်စားပြုသော ပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ"	ရရှိသောဆန္ဒမဲအရေအတွက်				မှတ်ချက်
			အီလက်ထရောနစ် မဲပေးစက်ဖြင့်	ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့်	စုစုပေါင်း		
					ဂဏန်းဖြင့်	စာဖြင့်	
							၁။ ထိန်းချုပ်စက်တွင်ဖော်ပြသည့် စုစုပေါင်း မဲပေးသည့်အရေအတွက် =
							၂။ မဲပုံးထဲမှထုတ်ယူရရှိသည့်ကြိုတင်ဆန္ဒမဲ လက်မှတ်အရေအတွက် =
							၃။ ရေတွက်သည့်ကြိုတင်ဆန္ဒမဲလက်မှတ်(ပယ်မဲမပါ) =
							၄။ ရေတွက်သည့်ခိုင်လုံဆန္ဒမဲအရေအတွက်(စက်ဖြင့်) (ကန့်ကွက်ချက်အရ စမ်းသပ်မဲပေးသည့်ပယ်မဲမပါ) =
							၅။ ရေတွက်သည့်ကြိုတင်ဆန္ဒမဲလက်မှတ်မှ ပယ်မဲ =
							၆။ ကန့်ကွက်ချက်အရစမ်းသပ်မဲပေးသည့် အရေအတွက်/ ပယ်မဲအရေအတွက်(စက်ဖြင့်) =
							(၁ + ၂ = ၃ + ၄ + ၅ + ၆)

မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။

မဲရုံကိုယ်စားလှယ်များလက်မှတ်နှင့်အမည်
၁။ ----------
၂။ ----------
၃။ ----------
၄။ ----------

အများပြည်သူအသိသက်သေများလက်မှတ်နှင့်အမည်
၁။ ----------
၂။ ----------
၃။ ----------
၄။ ----------

မဲရုံမှူး / မဲရုံအဖွဲ့ဝင်များလက်မှတ်နှင့်အမည်
၁။ မဲရုံမှူး ----------
၂။ မဲရုံအဖွဲ့ဝင် ----------
၃။ မဲရုံအဖွဲ့ဝင် ----------
၄။ မဲရုံအဖွဲ့ဝင် ----------

ရက်စွဲ ၊ ----------

စာမျက်နှာ ၁၄ သို့

စာမျက်နှာ ၁၃ မှ

မှတ်ချက်။ ဤပုံစံတွင် လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။

သက်သေများစာရင်း

၁။ ဦး/ဒေါ် ----------
၂။ ဦး/ဒေါ် ----------
၃။ ဦး/ဒေါ် ----------
၄။ ဦး/ဒေါ် ----------
၅။ ဦး/ဒေါ် ----------
၆။ ဦး/ဒေါ် ----------
၇။ ဦး/ဒေါ် ----------
၈။ ဦး/ဒေါ် ----------
၉။ ဦး/ဒေါ် ----------
၁၀။ ဦး/ဒေါ် ----------

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

ပုံစံ {၁၇(ခ-၁)}

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ
တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ----------တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသော ဆန္ဒမဲစာရင်း
(အီလက်ထရောနစ်မဲပေးစက်) (မဲပေးစက်လဲလှယ်အသုံးပြုရသည့်အခြေအနေ)

[နည်းဥပဒေ ၇၅ (ဈ)]

---------- တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၊ ----------တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ----------မြို့နယ်၊ ----------- ရပ်ကွက်/ကျေးရွာအုပ်စု၊ မဲရုံအမှတ်( )၊
မဲရုံတွင်ဆန္ဒမဲပေးသူဦးရေ - ( ) ဦး
ချို့ယွင်းသည့်အီလက်ထရောနစ်မဲပေးစက် - ထိန်းချုပ်စက် (CU) .....၊ ဆန္ဒပြုစက် (BU) ..... ၊ မဲပေးချက်ဖော်ပြသည့်စက် (VU) .....
လဲလှယ်အသုံးပြုသည့်အီလက်ထရောနစ်မဲပေးစက် - ထိန်းချုပ်စက် (CU) .....၊ ဆန္ဒပြုစက် (BU) ..... ၊ မဲပေးချက်ဖော်ပြသည့်စက် (VU) .....

စဉ်	လွှတ်တော် ကိုယ်စားလှယ် လောင်းအမည်	(၃)"ကိုယ်စားပြုသော ပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ"	ရရှိသောဆန္ဒမဲအရေအတွက်					မှတ်ချက်
			ချို့ယွင်းသည့် အီလက်ထရောနစ် မဲပေးစက်ဖြင့်	လဲလှယ်အသုံးပြုသည့် အီလက်ထရောနစ် မဲပေးစက်ဖြင့်	ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့်	စုစုပေါင်း		
						ဂဏန်းဖြင့်	စာဖြင့်	၁။ အရန်စက်၏ ထိန်းချုပ်စက်တွင်ဖော်ပြသည့်စုစုပေါင်းမဲပေးသူ =
								၂။ ချို့ယွင်းသည့်မဲပေးစက်၏ မဲပုံးမှထုတ်ယူသည့် ဆန္ဒမဲဖြတ်ပိုင်းအရေအတွက် =
								၃။ ကြိုတင်ဆန္ဒမဲပုံးမှထုတ်ယူရရှိသည့် ကြိုတင်ဆန္ဒမဲလက်မှတ် အရေအတွက် =
								၄။ ရေတွက်သည့်ကြိုတင်ဆန္ဒမဲလက်မှတ်(ပယ်မဲမပါ) =
								၅။ ရေတွက်သည့်ကြိုတင်ဆန္ဒမဲလက်မှတ်မှပယ်မဲ =
								၆။ ရေတွက်သည့်ခိုင်လုံဆန္ဒမဲအရေအတွက် (အရန်စက်ဖြင့်)(ကန့်ကွက်ချက်အရ စမ်းသပ်မဲပေးသည့်ပယ်မဲမပါ) =
								၇။ ရေတွက်သည့်ခိုင်လုံဆန္ဒမဲအရေအတွက် (ချို့ယွင်းသည့်စက်၏ မဲပုံးမှဆန္ဒမဲဖြတ်ပိုင်းဖြင့်) =
								၈။ ကန့်ကွက်ချက်အရစမ်းသပ်မဲပေးသည့် အရေအတွက်/ ပယ်မဲအရေအတွက်(စက်ဖြင့်) =
								(၁+၂+၃ = ၄+၅+၆+၇+၈)

မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။

မဲရုံကိုယ်စားလှယ်များလက်မှတ်နှင့်အမည်
၁။ ----------
၂။ ----------
၃။ ----------
၄။ ----------

အများပြည်သူအသိသက်သေများလက်မှတ်နှင့်အမည်
၁။ ----------
၂။ ----------
၃။ ----------
၄။ ----------

မဲရုံမှူး / မဲရုံအဖွဲ့ဝင်များလက်မှတ်နှင့်အမည်
၁။ မဲရုံမှူး ----------
၂။ မဲရုံအဖွဲ့ဝင် ----------
၃။ မဲရုံအဖွဲ့ဝင် ----------
၄။ မဲရုံအဖွဲ့ဝင် ----------

ရက်စွဲ/ အချိန်၊ ----------

မှတ်ချက်။ ဤပုံစံတွင် လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။

သက်သေများစာရင်း

၁။ ဦး/ဒေါ် ----------
၂။ ဦး/ဒေါ် ----------
၃။ ဦး/ဒေါ် ----------
၄။ ဦး/ဒေါ် ----------
၅။ ဦး/ဒေါ် ----------
၆။ ဦး/ဒေါ် ----------
၇။ ဦး/ဒေါ် ----------
၈။ ဦး/ဒေါ် ----------
၉။ ဦး/ဒေါ် ----------
၁၀။ ဦး/ဒေါ် ----------

(၃) တတိယအကြိမ်ပြင်ဆင်ထားပါသည်။

ဂျပန်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန် ဗီယက်နမ်သမ္မတ မျှော်လင့်

ဟန္ဓိုင်း နိုဝင်ဘာ ၈

တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် အသိဉာဏ်တု နည်းပညာ (အေအိုင်) အပါအဝင် ခေတ်မီနည်းပညာကဏ္ဍတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာရန် မျှော်လင့်ကြောင်း ဗီယက်နမ်သမ္မတ တိုလမ်က ပြောကြားခဲ့သည်။

သမ္မတတိုလမ်သည် နိုဝင်ဘာ ၈ ရက်တွင် စတင်မည့် ဂျပန်နိုင်ငံသို့ လေးရက်ကြာခရီးစဉ်မတိုင်မီ ဟန္ဓိုင်းမြို့၌ အင်နဲအိတ်ချ်ကေ သတင်းဌာနနှင့်တွေ့ဆုံခဲ့သည်။

၎င်း၏ ဂျပန်ခရီးစဉ်အတွင်း ဂျပန်ကေရာဇိနာရွယ်ဟိတို့နှင့် မိဖုရားမာဆာကိုတို့နှင့် တွေ့ဆုံသွားမည်ဖြစ်သည်။ ထို့နောက် ဂျပန်ဝန်ကြီးချုပ် တာကာအီချီဆာနာအနှင့်လည်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။

၎င်း၏ခရီးစဉ်သည် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး ပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှုများစွာ ယူဆောင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ဗီယက်နမ်သမ္မတက ပြောသည်။

စီးပွားရေး ချိတ်ဆက်ဆက်နွယ်မှုတွင် အားကောင်းလာမှုကိုကြိုဆိုခဲ့ပြီး ယခုနှစ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုမှ လွန်ခဲ့သည့်လ အထိ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ ထိ ရရှိထားကြောင်း ၎င်းက ဆက်ပြောသည်။ အဆိုပါကုန်သွယ်မှုပမာဏသည် ယမန်နှစ် တစ်နှစ်လုံး၏ နှစ်နိုင်ငံကုန်သွယ်မှုပမာဏ စုစုပေါင်းသို့ နီးကပ်လာပြီဖြစ်သည်။

ဂျပန်စီးပွားရေး လုပ်ငန်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ချဲ့ထွင်လာလိမ့်မည်ဟု ယုံကြည်ကြောင်းလည်း ဗီယက်နမ်သမ္မတက ဆက်လက်ပြောကြားခဲ့သည်။

အင်နဲအိတ်ချ်ကေ

ကမ္ဘာဘဏ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မူကြိုမှပဉ္စမတန်းအထိ ကျောင်းသား ကျောင်းသူ ၂၆ သန်းအတွက် ပံ့ပိုးပေးမည်

ဒါကာ နိုဝင်ဘာ ၈

ကမ္ဘာ့ဘဏ်အုပ်စု၏ အမှုဆောင်ဒါရိုက်တာများအဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မူကြိုမှပဉ္စမတန်းအထိ ပညာသင်ယူနေသည့် ကလေး ၂၆ သန်း၏ သင်ယူမှုများမြှင့်တင်ရန်အတွက် ဒေါ်လာ သန်း ၃၀၀ ငွေကြေး ပံ့ပိုးကူညီမှုကို အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်သည်ကလေးများကို ၎င်းတို့၏အတန်းပညာရေး အလိုက် စာဖတ်ခြင်း၊ စာရေးသားခြင်းနှင့် သချာ်ဘာသာရပ်တို့တွင် အခြေခံကျွမ်းကျင်မှုများရရှိလာစေရန် ကူညီပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ ထို့ပြင် ယင်းအစီအစဉ်သည် အစိုးရမူလတန်းကျောင်းများတွင် ပိုမိုကောင်းမွန်သည့် လစာနှုန်းထားများဖြင့် အလုပ်အကိုင်ပေါင်း ၈၄၃၀၀၀ ကျော် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

ဆင်ဟွာ



အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဘာဒါအဗ္ဒယ်လာတီနှင့် လစ်ဗျား ယာယီနိုင်ငံခြားရေးဝန်ကြီး တာဟာအယ်လ်ဘာအော်တို့ကို တွေ့ရစဉ်။

ပိုလန်နိုင်ငံ၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ ခြောက်ဦးသေဆုံးပြီး ၁၆ ဦး ထိခိုက်ဒဏ်ရာရ

ဝါဆော နိုဝင်ဘာ ၈

ပိုလန်နိုင်ငံ ကရာကော့မြို့အလယ်ပိုင်းတွင် နိုဝင်ဘာ ၇ ရက်က သေနတ်ပစ်ခတ်မှု တစ်ခု ဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးပြီး အခြား ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပိုလန်ပြည်ထဲရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ကြီးမာစင်ကီယာဝင်စကီး၏ ပြောကြားချက်ကို ကိုးကား၍ ပိုလန်သတင်းဌာနတွင် ဖော်ပြထားသည်။

ထိခိုက်ဒဏ်ရာရရှိသူများတွင် ရဲအရာရှိ နှစ်ဦးနှင့် သေနတ်သမားလည်း ပါဝင်ကြောင်း သိရသည်။ ဆေးရုံတက်ရောက်ကုသမှုခံယူသူ ၁၃ ဦးကို အရေးပေါ်ကုသမှုအတွက် အမြင့်ဆုံး ဦးစားပေးအဆင့်အဖြစ်သတ်မှတ်ခဲ့ပြီး ရဲအရာရှိ တစ်ဦးမှာ အလွန်စိုးရိမ်ရသည့် အခြေအနေတွင် ရှိကြောင်း ကီယာဝင်စကီးက ပြောသည်။

သေဆုံးသူလေးဦးမှာ ပိုလန်အမျိုးသမီး သုံးဦးနှင့် ဖြိတ်နိုင်ငံသား တစ်ဦးဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပြီး အခြားနှစ်ဦးကို အတည်ပြုဖော်ထုတ်နိုင်ရေး ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ထိခိုက်ဒဏ်ရာရရှိသူများအနက် နိုင်ငံခြားသား ငါးဦးပါဝင်ကြောင်းနှင့် သေနတ်ပစ်ခတ်သူမှာ ပိုလန်နိုင်ငံသားဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

၁၂ နှစ်ကြာ ပိတ်ထားရပြီးနောက် လစ်ဗျားနိုင်ငံ၌ အီဂျစ်သံရုံးပြန်လည်ဖွင့်လှစ်

ထရီပိုလီ နိုဝင်ဘာ ၈

လစ်ဗျားနိုင်ငံ၌ လုံခြုံရေးဆိုင်ရာတင်းမာမှုများကြောင့် ၂၀၁၄ ခုနှစ်မှ စတင်ကာ ၁၂ နှစ်ကြာ ပိတ်ထားခဲ့ရသည့် အီဂျစ်သံရုံးကို နိုဝင်ဘာ ၇ ရက်တွင် မြို့တော်ထရီပိုလီ၌ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း လစ်ဗျားသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဘာဒါအဗ္ဒယ်လာတီသည် နိုဝင်ဘာ ၇ရက်က လစ်ဗျားနိုင်ငံထရီပိုလီမြို့သို့ရောက်ရှိခဲ့ပြီး လစ်ဗျားနိုင်ငံ၏ ယာယီနိုင်ငံခြားရေးဝန်ကြီး တာဟာအယ်လ်ဘာအော်နှင့်အတူ အီဂျစ်သံရုံးအဆောက်အအုံကို ဖွင့်လှစ်ပေးခဲ့သည်။

လစ်ဗျားနှင့်အီဂျစ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ပြန်လည်စတင်ပြီးနောက် သံရုံးပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံတာဝန်ရှိသူများသည် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုနိုင်မာလာစေရန်နှင့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရေးတိုးချဲ့နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

ဆင်ဟွာ

ဆီနိဂေါနိုင်ငံ၌ ရွှေပြောင်းနေထိုင်သူများ လိုက်ပါလာသည့်လေ့နှစ်မြုပ်မှုကြောင့် ၂၁ ဦး သေဆုံး

ဒါကာ နိုဝင်ဘာ ၈

ဆီနိဂေါနိုင်ငံ အနောက်မြောက်ပိုင်း ကိဘီမာကမ်းလွှတွင် နိုဝင်ဘာ ၈ရက် ညနေပိုင်းက တရားမဝင်ရွှေပြောင်းနေထိုင်သူများ လိုက်ပါလာသည့် လေ့နစ်မြုပ်မှုကြောင့် ၂၁ ဦး သေဆုံးပြီး တစ်ဦးကိုကယ်တင်နိုင်ခဲ့သည်ဟု ပြည်ထဲရေးနှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်၊ အသက်ရှင်ကျန်ရစ်သူများကိုကူညီရန်နှင့် ထိခိုက်ခံစားခဲ့ရသည့် မိသားစုဝင်များကို ထောက်ပံ့ရန် သက်ဆိုင်ရာအာဏာပိုင်များကို စေလွှတ်ထားကြောင်းသိရသည်။ အဆိုပါဝမ်းနည်းဖွယ်ဖြစ်ရပ်အတွက် ထိခိုက်ခံစားခဲ့ရသူများ၏ မိသားစုဝင်များကိုဝမ်းနည်းကြောင်း အစိုးရနှင့်သမ္မတကိုယ်စား ဝန်ကြီးဌာနကပြောကြားခဲ့သည်။

ရွှေပြောင်းနေထိုင်သူများကို တရားမဝင် ပို့ဆောင်ပေးသည့် လူကုန်ကူးမှုကွန်ရက်များကို နှိမ်နင်းသွားမည်ဟု အစိုးရက ၎င်း၏ ဆုံးဖြတ်ချက်ကို ထပ်လောင်းအတည်ပြု ပြောကြားခဲ့သည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းကာ ပိုမိုအားကောင်းခိုင်မာအောင်လုပ်ဆောင်သွားမည်ဟု ပြောသည်။

ဆင်ဟွာ

အာဖဂန်၌ သုံးရက်အတွင်း ခြောက်ကြိမ်မြောက် ယာဉ်မတော်တဆမှုဖြစ်ပွား

ကဘူးလ် နိုဝင်ဘာ ၈

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း Ghor ပြည်နယ်၌ နိုဝင်ဘာ ၇ ရက်နေ့ခင်းပိုင်းက ခရီးသည်တင်ယာဉ်တစ်စီး လမ်းချော်မှုဖြစ်ပွားပြီး တိမ်းမှောက်သွားသဖြင့် ငါးဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိကြောင်း တရားဝင်ဘတ်ထာသတင်းအေဂျင်စီက နိုဝင်ဘာ ၈ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ရာ ပုံမှန်ခရီးဝေးအလုပ်ဆင်းသူ ငါးဦးသေဆုံးခဲ့ကြောင်း၊ လာဝါဆာဂျန်ဂယ်ခရိုင်၏ အစွန်အဖျားဌာန လူသေဆုံးစေသည့် မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းအစိုးရတာဝန်ရှိသူ အဗ္ဗဒူလာဖာရစ်ဇ်၏ ပြောကြားချက်ကို ကိုးကား၍ ဘတ်ထာက ဖော်ပြထားသည်။

အဆိုပါ ဖြစ်စဉ်မှာ လွန်ခဲ့သည့်သုံးရက်အတွင်း အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း ခြောက်ကြိမ်မြောက် ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းဖြစ်သည်။

ဆင်ဟွာ

အိုမန်ပင်လယ်ပြင်တွင် ကုန်တင်သင်္ဘော မီးလောင်၊ သင်္ဘောအမှုထမ်း ၂၂ ဦးစလုံး ကယ်တင်နိုင်

အဘူဒါဘီ နိုဝင်ဘာ ၈

အိုမန်ပင်လယ်ပြင်တွင် ကုန်တင်သင်္ဘော တစ်စင်း မီးလောင်မှုဖြစ်ပွားရာ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) ကမ်းခြေစောင့်တပ်ဖွဲ့က သင်္ဘောအမှုထမ်း ၂၂ ဦးစလုံးကို ကယ်တင်နိုင်ခဲ့ကြောင်း အမ်ဒရိတ်သတင်းဌာနက နိုဝင်ဘာ ၈ ရက်တွင် ဖော်ပြထားသည်။

သင်္ဘောအမှုထမ်းများမှာ အာရပ်နိုင်ငံသားများဖြစ်ပြီး ရှားဦးသူနာပြုစုမှုခံယူပြီးနောက် ကျန်းမာရေးအခြေအနေ တည်ငြိမ်လျက်ရှိကြောင်း ယူအေအီးအမျိုးသားအစောင့်တပ်ဖွဲ့၏ ပြောကြားချက်ကို အဆိုပါသတင်းဌာနတွင် ဖော်ပြထားသည်။ အဆိုပါ သင်္ဘော အမှုထမ်းများကို သက်ဆိုင်ရာ အာဏာပိုင်များ ထံသို့ လွှဲပြောင်းပေးသွားမည်ဖြစ်သည်။

သင်္ဘောပေါ်တွင် မီးလောင်မှုဖြစ်ပွားနေကြောင်း သင်္ဘောမှ အကူအညီတောင်းခံသည့် ဖုန်းခေါ်ဆိုမှုကို ယူအေအီးကမ်းခြေစောင့်တပ်ဖွဲ့က လက်ခံရရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို အမြန်ဆုံးလုပ်ဆောင်ခဲ့ကြောင်း သိရသည်။ သင်္ဘောမီးလောင်မှုနှင့် ထိခိုက်ပျက်စီးမှု အတိအကျကို ဖော်ပြထားခြင်း မရှိပေ။

ဆင်ဟွာ

၈၇ တွင် ရွက်ဖျင်တဲ ၇၀၀၀၀ ခန့် ရေလွှမ်းမိုးမှုဖြစ်ပွား၊ အရပ်ဘက်ကာကွယ်ရေး အာဏာပိုင်အဖွဲ့က အမြင့်ဆုံးအရေးပေါ်အခြေအနေကြေညာ

ဂါဇာ နိုဝင်ဘာ ၈

ဂါဇာအရပ်ဘက် ကာကွယ်ရေး အာဏာပိုင်များသည် မိုးသက်မုန်တိုင်းကြောင့် နေရပ်စွန့်ခွာထွက်ပြေးလာသော ပါလက်စတိုင်း ပြည်သူများနေထိုင်ရာ ရွက်ဖျင်တဲအိမ်ပေါင်း ၇၀၀၀၀ ခန့် ရေလွှမ်းမိုးမှုဖြစ်ပွားပြီး ကယ်ဆယ်ရေး လုပ်ငန်းများမှာလည်း နိုင်နင်းစွာ လုပ်ဆောင်နိုင်စွမ်းမရှိတော့သည့်အတွက် နိုဝင်ဘာ ၇ ရက်တွင် အမြင့်ဆုံးအရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။

အချို့ လူနေဒေသများတွင် ရေမျက်နှာပြင်အမြင့် ၁ ဒသမ ၅ မီတာအထိ ရောက်ရှိလာကြောင်း အာဏာပိုင်များက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ မိုးသက်မုန်တိုင်း စတင်ဝင်ရောက်ချိန်မှ စတင်၍ အရပ်ဘက်ကာကွယ်ရေးဌာနများသည် ဖုန်းခေါ်ဆိုမှုပေါင်း ၂၁၆၆ ခု လက်ခံရရှိခဲ့သော်လည်း ကယ်ဆယ်ရေး အသင်းအဖွဲ့များသည်အကူအညီတောင်းခံမှု အရေအတွက် အလွန်များပြားခြင်းနှင့် ကယ်ဆယ်ရေးအရင်းအမြစ်အကန့်အသတ်ရှိခြင်းတို့ကြောင့် ဖုန်းခေါ်ဆိုမှု ၂၁၈ ခုကိုသာ ပြန်လည်တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။



အဆိုပါ မိုးသက်မုန်တိုင်းကြောင့် ပဏာမခန့်မှန်းဆန်းစစ်ချက်တွက်ချက်မှုအရ တိုက်ရိုက်ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာသုံးသန်းဝန်းကျင်ရှိကြောင်း သိရသည်။ ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာန မာဂျစ်အဘူရာမဒန်က အေးဂြသည့်ရာသီဥတုဖြစ်ပေါ်လာမှုနှင့် ဆက်တိုက်ဖြစ်ပေါ်နေသော မုန်တိုင်းများကြောင့် အလွန်အန္တရာယ်များသည့် အဆင့်များအထိ ရောက်ရှိနိုင်ကြောင်းပြောသည်။

ဆင်ဟွာ

အကန့်အသတ်မရှိသော လိုအင်ဆန္ဒနှင့် အကန့်အသတ်ရှိသော ပြည်သူ့ဘဏ္ဍာ

လူသားတို့၏ နေ့စဉ်ဘဝတွင် လိုအင်ဆန္ဒများသည် အဆုံးမရှိ များပြားလှသည်။ လူတစ်ဦးချင်းစီအနေဖြင့် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်ချက်များစွာရှိသကဲ့သို့ လူ့အဖွဲ့အစည်းတစ်ခုလုံးအနေဖြင့်လည်း လိုအပ်ချက်များ အကန့်အသတ်မရှိ ရှိနေတတ်သည်။

သန်းဇော်(ဗဟိုစာရင်းအင်းအဖွဲ့)

သို့သော် ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အသုံးပြုရမည့် ဘဏ္ဍာငွေနှင့် အရင်းအမြစ်များမှာ အကန့်အသတ်ဖြင့် ရှိနေသည်။ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ဘဏ္ဍာငွေသည် အကန့်အသတ် ရှိသောကြောင့် ပြည်သူတို့၏ လိုအပ်ချက်အားလုံးကို တစ်ပြိုင်နက်တည်း အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိပေ။ ထို့ကြောင့် အကန့်အသတ်မရှိသော လိုအင်ဆန္ဒနှင့် အကန့်အသတ်ရှိသော ပြည်သူ့ဘဏ္ဍာတို့အကြား မျှတစွာ စီမံခန့်ခွဲနိုင်ရေးသည် အလွန်အရေးကြီးသော ကိစ္စတစ်ရပ် ဖြစ်ပါသည်။

အကန့်အသတ်မရှိသော လိုအင်ဆန္ဒ

အကန့်အသတ်မရှိသော လိုအင်ဆန္ဒဆိုသည်မှာ လူသားတို့၏ လိုအပ်ချက်နှင့် လိုချင်တောင့်တမှု တစ်ခုကို ဖြည့်ဆည်းပြီးသည့်အခါ နောက်ထပ် လိုအင်ဆန္ဒအသစ်များ ပေါ်ပေါက်လာတတ်သည့် သဘောတရားဖြစ်သည်။ လူသားတို့၏ လိုအင်ဆန္ဒများသည် တစ်ဦးနှင့်တစ်ဦး၊ ကျေးလက်နှင့် မြို့ပြ အလိုက် မတူညီကြသကဲ့သို့ အချိန်နှင့် အခြေအနေအလိုက်လည်း ပြောင်းလဲတတ်သည်။ အခြေခံလိုအပ်ချက်များဖြစ်သော အစားအစာ၊ အဝတ်အထည်နှင့် နေထိုင်စရာတို့ ပြည့်စုံလာသည့် အခါ ပိုမိုကောင်းမွန်သောပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ နည်းပညာနှင့် သက်သောင့်သက်သာ ရှိသော လူနေမှုဘဝတို့ကို ထပ်မံလိုလားလာကြသည်။

အလားတူ ပြည်သူများအနေဖြင့်လည်း အစိုးရထံမှ အရည်အသွေးမြင့်ပညာရေး၊ အခမဲ့ သို့မဟုတ် တတ်နိုင်သော ကျန်းမာရေးဝန်ဆောင်မှု၊ လမ်းတံတားကောင်းမွန်မှု၊ လျှပ်စစ်မီးရရှိမှု၊ သန့်ရှင်းသော သောက်သုံးရေနှင့် လူမှုဖူလုံရေးအထောက်အပံ့များကို မျှော်လင့်ကြသည်။ ဤလိုအပ်ချက်များက အမြဲတိုးပွားနေသဖြင့် ပြည်သူ့လိုအင်ဆန္ဒများကို အကန့်အသတ်မရှိဟု ဆိုနိုင်သည်။ သို့သော် လူသားတို့၏ လိုအင်ဆန္ဒများ အဆုံးမရှိသည့်အတွက် ထိုလိုအင်ဆန္ဒအားလုံးကို တစ်ပြိုင်နက်တည်း ဖြည့်ဆည်းပေးရန်မှာ လက်တွေ့တွင် မဖြစ်နိုင်ပေ။

အကန့်အသတ်ရှိသော ပြည်သူ့ဘဏ္ဍာ

ပြည်သူ့ဘဏ္ဍာဆိုသည်မှာ နိုင်ငံတော်အစိုးရက ပြည်သူ့ဝန်ဆောင်မှုများ ပေးအပ်ရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အသုံးပြုသည့် ဘဏ္ဍာငွေအရင်းအမြစ်များကို ဆိုလိုသည်။ ပြည်သူ့ဘဏ္ဍာငွေများသည် အဓိကအားဖြင့် အခွန်အကောက်များမှ ရရှိသောဝင်ငွေများ၊ နိုင်ငံပိုင်လုပ်ငန်းများမှ ရရှိသောဝင်ငွေများ၊ အစိုးရဝန်ဆောင်မှုများနှင့် အခကြေးငွေများမှ ရရှိသောဝင်ငွေများ၊ ပြည်တွင်းပြည်ပ ချေးငွေများနှင့် အထောက်အပံ့များမှ ရရှိသောဝင်ငွေများဖြစ်

> **“ပြည်သူ့ဘဏ္ဍာဆိုသည်မှာ နိုင်ငံတော်အစိုးရက ပြည်သူ့ဝန်ဆောင်မှုများ ပေးအပ်ရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အသုံးပြုသည့်ဘဏ္ဍာငွေအရင်းအမြစ်များကို ဆိုလိုသည်။ ပြည်သူ့ဘဏ္ဍာငွေများသည် အဓိကအားဖြင့် အခွန်အကောက်များမှ ရရှိသောဝင်ငွေများ၊ နိုင်ငံပိုင်လုပ်ငန်းများမှ ရရှိသောဝင်ငွေများ၊ အစိုးရဝန်ဆောင်မှုများနှင့် အခကြေးငွေများမှ ရရှိသော ဝင်ငွေများ၊ ပြည်တွင်းပြည်ပ ချေးငွေများနှင့် အထောက်အပံ့များမှ ရရှိသောဝင်ငွေများဖြစ် ”**

အစိုးရအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ လမ်းတံတားတည်ဆောက်ရေး၊ စိုက်ပျိုးရေးနှင့် လူမှုဖူလုံရေးစသည့် ကဏ္ဍများစွာအတွက် ဘဏ္ဍာငွေခွဲဝေသုံးစွဲပေးရသည်။ သို့သော် နိုင်ငံတော်၏ ဘဏ္ဍာငွေသည် အကန့်အသတ်ရှိသည်။ ကဏ္ဍတစ်ခုတွင် ငွေကြေးပိုမိုသုံးစွဲပါက အခြားကဏ္ဍများအတွက် သုံးစွဲနိုင်သည့် ငွေကြေးပမာဏ လျော့နည်းသွားနိုင်သည်။ ထို့ကြောင့် ပြည်သူ့ဘဏ္ဍာကို သုံးစွဲရာတွင် လိုအပ်ချက်အလိုက် ဦးစားပေးရွေးချယ်ခြင်း၊ အကျိုးအမြတ်နှင့် လူမှုအကျိုးသက်ရောက်မှုကို သုံးသပ်ခြင်း၊ အလေအလွင့်နှင့် အလွဲသုံးစားမှုများကို ကာကွယ်ခြင်းတို့က အရေးကြီးသည်။

လိုအင်ဆန္ဒနှင့် ပြည်သူ့ဘဏ္ဍာအကြား မျှတမှု

ပြည်သူများ၏ လိုအင်ဆန္ဒသည် အမြဲတိုးပွားနေသောကြောင့် နိုင်ငံတော်အနေဖြင့် ပြည်သူဝန်ဆောင်မှုများကို အဆက်မပြတ်တိုးချဲ့ပေးရန် လိုအပ်သည်။ သို့သော် ထိုဝန်ဆောင်မှုများကို ပံ့ပိုးပေးရန် လိုအပ်သော ပြည်သူ့ဘဏ္ဍာငွေမှာ အကန့်အသတ်ရှိသည်။ ထို့ကြောင့် ပြည်သူများ၏ လိုအပ်ချက်အားလုံးကို တစ်ပြိုင်နက်တည်း ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသောကြောင့် အကန့်အသတ်ရှိသော ပြည်သူ့ဘဏ္ဍာငွေကို ပြည်သူအများစုအတွက် အကျိုးကျေးဇူးအများဆုံးဖြစ်ထွန်းစေမည့် ပြည်သူသုံး ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် ဦးစားပေးသုံးစွဲရန် လိုအပ်သည်။ ပြည်သူသုံးကုန်စည်ဆိုသည်မှာ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အကျိုးပြုစေပြီး အများပြည်သူက အတူတကွအသုံးပြုနိုင်သော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဆိုလိုသည်။

ဥပမာအားဖြင့် ကျေးလက်ဒေသ၌ လမ်းတံတားလုပ်ငန်းများမှ ရရှိသောဝင်ငွေများ၊ အစိုးရဝန်ဆောင်မှုများနှင့် အခကြေးငွေများမှ ရရှိသော ဝင်ငွေများ၊ ပြည်တွင်းပြည်ပ ချေးငွေများနှင့် အထောက်အပံ့များမှ ရရှိသော ဝင်ငွေများ ဖြစ်ပါသည်။

အစိုးရအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ လမ်းတံတားတည်ဆောက်ရေး၊ စိုက်ပျိုးရေးနှင့် လူမှုဖူလုံရေးစသည့် ကဏ္ဍများစွာအတွက် ဘဏ္ဍာငွေခွဲဝေသုံးစွဲပေးရသည်။ သို့သော် နိုင်ငံတော်၏ ဘဏ္ဍာငွေသည် အကန့်အသတ်ရှိသည်။ ကဏ္ဍတစ်ခုတွင် ငွေကြေးပိုမိုသုံးစွဲပါက အခြားကဏ္ဍများအတွက် သုံးစွဲနိုင်သည့် ငွေကြေးပမာဏ လျော့နည်းသွားနိုင်သည်။ ထို့ကြောင့် ပြည်သူ့ဘဏ္ဍာကို သုံးစွဲရာတွင် လိုအပ်ချက်အလိုက် ဦးစားပေးရွေးချယ်ခြင်း၊ အကျိုးအမြတ်နှင့် လူမှုအကျိုးသက်ရောက်မှုကို သုံးသပ်ခြင်း၊ အလေအလွင့်နှင့် အလွဲသုံးစားမှုများကို ကာကွယ်ခြင်းတို့က အရေးကြီးသည်။

လိုအင်ဆန္ဒနှင့် ပြည်သူ့ဘဏ္ဍာအကြား မျှတမှု

ပြည်သူများ၏ လိုအင်ဆန္ဒသည် အမြဲတိုးပွားနေသောကြောင့် နိုင်ငံတော်အနေဖြင့် ပြည်သူဝန်ဆောင်မှုများကို အဆက်မပြတ်တိုးချဲ့ပေးရန် လိုအပ်သည်။ သို့သော် ထိုဝန်ဆောင်မှုများကို ပံ့ပိုးပေးရန် လိုအပ်သော ပြည်သူ့ဘဏ္ဍာငွေမှာ အကန့်အသတ်ရှိသည်။ ထို့ကြောင့် ပြည်သူများ၏ လိုအပ်ချက်အားလုံးကို တစ်ပြိုင်နက်တည်း ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသောကြောင့် အကန့်အသတ်ရှိသော ပြည်သူ့ဘဏ္ဍာငွေကို ပြည်သူအများစုအတွက် အကျိုးကျေးဇူးအများဆုံးဖြစ်ထွန်းစေမည့် ပြည်သူသုံး ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် ဦးစားပေးသုံးစွဲရန် လိုအပ်သည်။ ပြည်သူသုံးကုန်စည်ဆိုသည်မှာ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အကျိုးပြုစေပြီး အများပြည်သူက အတူတကွအသုံးပြုနိုင်သော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဆိုလိုသည်။

ဥပမာအားဖြင့် ကျေးလက်ဒေသ၌ လမ်းတံတားများ ဆောက်လုပ်ရန်၊ ဆေးရုံများ တည်ဆောက်ရန်နှင့် ကျောင်းများတိုးချဲ့ရန် လိုအပ်ချက်များရှိနေသည်ဆိုပါက အရေးတကြီး လိုအပ်နေသောကဏ္ဍကို ဦးစားပေးရမည်ဖြစ်သည်။ ထိုသို့ဆုံးဖြတ်ရာတွင် ပြည်သူအများစုအပေါ် ဖြစ်ပေါ်စေမည့် အကျိုးသက်ရောက်မှုကို အခြေခံစဉ်းစားရမည်ဖြစ်ပါသည်။

ပြည်သူ့ဘဏ္ဍာကို ထိရောက်စွာ စီမံခန့်ခွဲရန်လိုအပ်

အကန့်အသတ်မရှိသော လိုအင်ဆန္ဒများနှင့် အကန့်အသတ်ရှိသော ပြည်သူ့ဘဏ္ဍာတို့အကြား မျှတမှုရှိစေရန် ဘဏ္ဍာငွေကို ထိရောက်စွာ စီမံခန့်ခွဲရန် လိုအပ်သည်။

- **ဦးစားပေးအစီအစဉ်သတ်မှတ်ခြင်း** - ပြည်သူများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာနှင့် လုံခြုံရေးတို့ကို ဦးစားပေးသင့်သည်။
- **ဘဏ္ဍာငွေကို အကျိုးရှိစွာ ခွဲဝေသုံးစွဲခြင်း**- ပြည်သူအများစုအတွက် အကျိုးကျေးဇူး အများဆုံးဖြစ်စေမည့် လုပ်ငန်းများတွင် သုံးစွဲသင့်သည်။
- **အလဟဿမဖြုန်းတီးဘဲ ချွေတာသုံးစွဲခြင်း**- ပြည်သူ့ဘဏ္ဍာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံကိန်းများကို အကောင်အထည်မဖော်မီ ကုန်ကျစရိတ်၊ အကျိုးအမြတ်နှင့် ပြည်သူများအပေါ် သက်ရောက်မှုတို့ကို သေချာစွာ လေ့လာသုံးသပ်သင့်သည်။
- **ပွင့်လင်းမြင်သာမှုရှိခြင်း** - ပြည်သူ့ဘဏ္ဍာငွေ မည်သည့်နေရာတွင် မည်မျှသုံးစွဲထားသည်ကို ပြည်သူများ သိရှိနိုင်စေရန် ဆောင်ရွက်သင့်သည်။
- **တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း** - ဘဏ္ဍာငွေ အလွဲသုံးစားမှုနှင့် အဂတိလိုက်စားမှုများကို တား ဆီး ရန် လိုအပ်သည်။
- **ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ခြင်း** - လက်ရှိလိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံသာမက အနာဂတ်မျိုးဆက်များအတွက်ပါ အကျိုးရှိစေမည့်လုပ်ငန်းများကို ဆောင်ရွက်သင့်သည်။
- ပြည်သူများ၏ လိုအင်ဆန္ဒအားလုံးကို တစ်ပြိုင်နက် ဖြည့်ဆည်းပေးရန် မဖြစ်နိုင်သော်လည်း အရေးကြီးသောလိုအပ်ချက်များကို ဦးစားပေး၍ ဘဏ္ဍာငွေကို ထိရောက်စွာ အသုံးပြုနိုင်ပါက ပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ပြည်သူ့တာဝန်

ပြည်သူများ၏ လိုအင်ဆန္ဒများက အဆုံးမရှိသော်လည်း ထိုလိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရာတွင် နိုင်ငံတော်အနေဖြင့် ရရှိနိုင်သော ပြည်သူ့ဘဏ္ဍာငွေကို စနစ်တကျစီမံခန့်ခွဲပြီး ပြည်သူအများစုအတွက် အကျိုးရှိစေမည့် ပြည်သူသုံးကုန်စည်နှင့် ဝန်ဆောင်မှုများကို ဦးစားပေးပံ့ပိုးပေးရန် လိုအပ်သည်။

ပြည်သူများကိုယ်တိုင်လည်း ပြည်သူ့ဘဏ္ဍာကို တန်ဖိုးထားရန်၊ အခွန်ပေးဆောင်မှုဆိုင်ရာ တာဝန်များကို လိုက်နာရန်နှင့် အများပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည်။

လူသားအရင်းအမြစ် လိုအပ်ချက်ကို ဖြည့်ဆည်းခြင်း

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာရန်မှာ ပြည်သူများ၏ လိုအင်ဆန္ဒများကို အကန့်အသတ်မရှိဖြည့်ဆည်းပေးခြင်းထက် အကန့်အသတ်ရှိသော အရင်းအမြစ်များကို မှန်ကန်မျှတစွာ အသုံးချပြီး ပြည်သူအများစု၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်နိုင်ခြင်းပင် ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင်မှုရှိသော လူသားအရင်းအမြစ်များ လိုအပ်ပါသည်။ ကောင်းမွန်လေ့ကျင့်သင်ကြားထားသော ကျွမ်းကျင်ဝန်ထမ်းများက ရေရှည်တည်တံ့မှုနှင့် ရည်မှန်းချက်များ အောင်မြင်စေရေး သေချာစေမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်းတွင် ညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်းများအတွက် ဖွင့်လှစ်သည့် “ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း” က အကန့်အသတ်မရှိသော လိုအင်ဆန္ဒများနှင့် အကန့်အသတ်ရှိသော ပြည်သူ့ဘဏ္ဍာတို့အကြား မျှတမှုရှိစေရန် ဘဏ္ဍာငွေကို စနစ်တကျ စီမံခန့်ခွဲနိုင်သည့် ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ချောင်းဆုံမြို့နယ်၌ (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

ချောင်းဆုံ နိုဝင်ဘာ ၈ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ သည့် (၃၈)နှစ်မြောက် အထွေထွေ



အုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဝီဒီယိုကလစ်အား ဖွင့်လှစ်ပြသကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဝင်းက လက်ဆောင်ပစ္စည်းပေးအပ်ခြင်းနှင့် ဝန်ထမ်းများအား ချီးမြှင့်ပစ္စည်းများ ပေးအပ်သည်။ **ကိုကျော်(ချောင်းဆုံ)**

တောင်ငူ၌ မြို့နယ်သမဝါယမအသင်းစုလိမ်တက် အမှုဆောင်အဖွဲ့အသစ်ရွေးချယ်



တောင်ငူ နိုဝင်ဘာ ၈

တောင်ငူမြို့နယ် သမဝါယမအသင်းစုလိမ်တက်၏ (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့အသစ် ရွေးချယ်ပွဲကို ယမန်နေ့က တောင်ငူမြို့နယ်သမဝါယမ အသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းဦးစီးမှူး ဦးတင်လတ် တက်ရောက်ခဲ့ပြီး သမဝါယမအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အသင်း၏ အမှုဆောင်ဒါရိုက်တာ ခုနစ်ဦးနှင့် အသင်းသား စာရင်းစစ် နှစ်ဦးတို့ကို တက်ရောက်လာသော အသင်းကိုယ်စားလှယ်များ၏ အဆိုပြုထောက်ခံချက်များ အတိုင်း ရွေးချယ်အတည်ပြု ဆောင်ရွက်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

ရေရှားမည့်ဘေး ရှောင်ရှားဖို့ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

တစ်ပတ်တာ ဖတ်စရာ

မြန်မာရေးရာ

နိုဝင်ဘာ ၁ ရက်

အလုပ်သမားဆေးရုံ (ထန်းတပင်)၌ ကျောက်ကပ်သွေးသန့်စင်ဝန်ဆောင်မှု စတင်

အလုပ်သမားဆေးရုံ (ထန်းတပင်)တွင် နာတာရှည်ကျောက်ကပ်ရောဂါခံစားနေရသည့် အာမခံ အလုပ်သမားလူနာများအတွက် ကျောက်ကပ်သွေး သန့်စင်ဆေးကြောမှုဝန်ဆောင်မှုကို စတင်ဆောင်ရွက်ပေးနေပြီဖြစ်သဖြင့် လိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်နှင့် ထန်းတပင်မြို့နယ်တို့မှ လူနာများအနေဖြင့် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)သို့ သွားရောက်ရန်မလိုဘဲ နီးစပ်ရာဆေးရုံတွင် ကုသမှုခံယူနိုင်မည်ဖြစ်သည်။

နိုဝင်ဘာ ၂ ရက်

သက်တမ်းလွန် CNG ဆလင်ဒါအိုးတပ်ဆင်ယာဉ်များကို ဓာတ်ငွေ့ဝယ်ယူခွင့် ပိတ်သိမ်းမည်

CNG ယာဉ်များတွင် တပ်ဆင်အသုံးပြုထားသည့် သက်တမ်း ၁၅ နှစ်ပြည့် ဆလင်ဒါအိုးများကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ အသစ်လဲလှယ်တပ်ဆင်ပြီး သက်ဆိုင်ရာဌာနတွင် စစ်ဆေးမှုခံယူရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အသိပေးထားပြီး သတ်မှတ်ရက်အတွင်း လဲလှယ်ခြင်းမရှိသည့် ယာဉ်များကို CNG ဝယ်ယူခွင့် ပိတ်သိမ်းသွားမည်ဖြစ်သည်။

နိုဝင်ဘာ ၃ ရက်

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီကင်ဆာလူနာငါးဦး ခြင်ဆီအစားထိုးကုသမှု အောင်မြင်

ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခြင်ဆီအစားထိုးဌာနတွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်း ခြင်ဆီကင်ဆာလူနာငါးဦးအား ခြင်ဆီအစားထိုးကုသမှု အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူနာအားလုံး ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံဆင်းခွင့်ရရှိခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်အတွင်း ခြင်ဆီအစားထိုးကုသမှုခံယူသူ စုစုပေါင်း ၁၃ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၄ ရက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လာအိုဝန်ကြီးချုပ်နှင့် တွေ့ဆုံ

လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လာအိုဝန်ကြီးချုပ်နှင့် တွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးခဲ့ပြီး လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲတို့ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည့်အပြင် မြန်မာစစ်သံရုံးဝန်ထမ်းများ၊ ပညာတော်သင်များနှင့် တွေ့ဆုံခြင်း ဗီယင်ကျန်းမြို့ရှိ အထင်ကရ နေရာများသို့လည်း သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၅ ရက်

လစ်လပ်မဲဆန္ဒနှယ် ၅၅ နယ်အတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွတ်တော်အသီးသီးတွင် ကိုယ်စားလှယ်နေရာလစ်လပ်နေသည့် ပြည်သူ့လွှတ်တော် ၃၄ နယ်၊ အမျိုးသားလွှတ်တော် ၅ နယ်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ၁၆ နယ် စုစုပေါင်း ၅၅ မဲဆန္ဒနယ်အတွက် ကြားဖြတ်ရွေးကောက်ပွဲများကို ၂၀၂၇ ခုနှစ် ဧပြီ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး မဲဆန္ဒနယ်အသေးစိတ်စာရင်းများကို ကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

နိုဝင်ဘာ ၆ ရက်

နိုင်ငံတော်သမ္မတက (၇၁) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုသဝဏ်လွှာပေးပို့

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်သည့် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့ပြီး ကရင်ပြည်နယ်၏ ငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဖော်ပြကာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် ဒေသရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးနှင့် ကမ္ဘာအေးကုန်းမြေသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရန်ကုန်မြို့ရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးနှင့် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ သွားရောက်ကာ ပြုပြင်ထိန်းသိမ်းထားရှိမှုများ၊ ဗုဒ္ဓပြတိုက်၊ ဝိဋ္ဌကတ်တိုက်တော်၊ သံဃာ့ဆေးရုံနှင့် ပိဋ္ဌကတ်ပုံနှိပ်တိုက်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သာသနာရေးဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များ ရေရှည်တည်တံ့စေရေးနှင့် စနစ်တကျထိန်းသိမ်း စောင့်ရောက်ရေးတို့အတွက် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များနယ်မြေအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များနယ်မြေအတွင်း ရန်ကုန်ပညာရေးတက္ကသိုလ် ခြောက်ထပ်စာသင်ဆောင်သစ်၊ တက္ကသိုလ်များပုံနှိပ်တိုက်၊ အားကစားကွင်း၊ ရေကူးကန်နှင့် တက္ကသိုလ်များ ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆောက်အအုံများ ရေရှည်တည်တံ့ရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှု အဆင့်မြှင့်တင်ရေး၊ သန့်ရှင်းသာယာရေးနှင့် လုံခြုံရေးတို့အတွက် လမ်းညွှန်မှာကြားသည်။

ဟိန္နျာဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်ပွဲသို့ တက်ရောက်ချီးမြှင့်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် နိုဝင်ဘာ ၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားဓာတ်ရုံ၌ ကျင်းပသော ဟိန္နျာဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်ပွဲသို့ တက်ရောက်၍ ဆီမီးထွန်းညှိပေးခဲ့ပြီး ဘာသာပေါင်းစုံ အပြန်အလှန်နားလည်လေးစားပြီး ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ရေးသည် နိုင်ငံတော်၏ စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးအတွက် အရေးကြီးကြောင်း အလေးထားပြောကြားခဲ့သည်။

နိုဝင်ဘာ ၇ ရက်

ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ သမ္မတ သွားရောက်စစ်ဆေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရန်ကုန်နည်းပညာတက္ကသိုလ် (YTU) နှင့် လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်များရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့ပြသန့်ရှင်းသာယာရေး၊ ပညာရေးမြှင့်တင်ရေး၊ အားကစားကွင်းနှင့် ပန်းခြံများ တည်ဆောက်ရေး၊ စက်မှုလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

ကမ္ဘာရေးရာ

ဘိုလီးဗီးယားနိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေ ကြေညာ

အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားမှုနှင့် ရေကြီးရေလျှံမှု အန္တရာယ်များကို ရင်ဆိုင်နိုင်ရန် ဘိုလီးဗီးယားနိုင်ငံက အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း နိုဝင်ဘာ ၁ ရက်က သိရသည်။

အိန္ဒိယတောင်ပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် လေကြောင်းခရီးစဉ်များ ဖျက်သိမ်း

နိုဝင်ဘာ ၂ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်း မူရာဆု ဝင်ရောက်ရန် နီးကပ်လာသဖြင့် လေကြောင်းခရီးစဉ် ၂၀ ကျော် ဖျက်သိမ်းခဲ့ပြီး လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

ဂျာမနီနှင့် ဗြိတိန် ကာကွယ်ရေးပူးပေါင်းမှု မြှင့်တင်မည်

နိုဝင်ဘာ ၂ ရက်တွင် ဂျာမနီနှင့် ဗြိတိန်ကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံကာ နှစ်နိုင်ငံအကြား စစ်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန် ကတိပြုခဲ့ကြသည်။

မော်လ်ဒိုက်နိုင်ငံက ၂၀၂၇ ခုနှစ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး စတင်

နိုဝင်ဘာ ၄ ရက်တွင် မော်လ်ဒိုက်နိုင်ငံက နိုင်ငံတကာခရီးသွားဈေးကွက်၌ ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရန် ရည်ရွယ်၍ ၂၀၂၇ ခုနှစ် အတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားမြှင့်တင်ရေးလှုပ်ရှားမှုကို စတင်မိတ်ဆက်ခဲ့သည်။

ဥရောပတစ်ဝန်း လေယာဉ်များ ပုံးခြိမ်းခြောက်ခံရ

နိုဝင်ဘာ ၅ ရက်တွင် ဥရောပတစ်ဝန်း ခရီးသည်တင်လေယာဉ်များ ပုံးခြိမ်းခြောက်ခံရသဖြင့် လေယာဉ်အချို့ လမ်းကြောင်း ပြောင်းလဲဆင်းသက်ခဲ့ရပြီး ဘေးကင်းရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် လေထုညစ်ညမ်းမှုထိန်းချုပ်ရေး တင်းကျပ်

နိုဝင်ဘာ ၆ ရက်တွင် ဒေလီမြို့၏ လေထုအရည်အသွေးအညွှန်းကိန်း ၃၈၂ အထိ မြင့်တက်လာသဖြင့် အစိုးရက GRAP အဆင့်(၃)အရ ဆောက်လုပ်ရေးလုပ်ငန်းအချို့ကို ကန့်သတ်ခဲ့သည်။

တရုတ်အာကာသစခန်းသို့ ပထမဆုံးနိုင်ငံခြားသား အာကာသယာဉ်မှူး လိုက်ပါမည်

နိုဝင်ဘာ ၇ ရက်တွင် တရုတ်နိုင်ငံက ရှန်ကျိုး-၂၄ အာကာသမစ်ရှင်၌ ပါကစ္စတန်အာကာသယာဉ်မှူးတစ်ဦး ပါဝင်မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး ယင်းသည် တရုတ်၏ လူလိုက်ပါအာကာသအစီအစဉ်တွင် ပထမဆုံး နိုင်ငံခြားသားပါဝင်သည့် မစ်ရှင်ဖြစ်လာမည် ဖြစ်သည်။

ပန်းတောင်းမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံခြင်း အသိပညာပေး

ပန်းတောင်း နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပန်းတောင်းမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၁၅၀ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလတ်သူသူကျော်ဂ က ဝက်သက်၊ ဂျိုက်သိုးရောဂါ ဖြစ်ပွားရသည့် အကြောင်းရင်းများ၊ ရောဂါလက္ခဏာများ၊ ကူးစက်ပြန့်ပွားနိုင်မှု၊ ရောဂါကာကွယ်ရေးနည်းလမ်းများ၊ ကာကွယ်ဆေးထိုးနှံမည့်ရက်နှင့် သက်ဆိုင်ရာစုရပ်များ၊ ကာကွယ်ဆေးထိုးရန် မသင့်သော အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ရောဂါကူးစက်မှုနှင့် နောက်ဆက်တွဲဆိုးကျိုးများ လျော့နည်းစေရေးအတွက် ကိုးလမှ ၅၉ လအတွင်း ကလေးငယ်များနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသော ကလေးငယ်များကို အချိန်မီ ထပ်ဆောင်းထိုးနှံပေးရန် လိုအပ်ကြောင်း အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)



ရေချိုးချိန်နှင့်
နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ၊
သွားတိုက်နေစဉ်၊
မျက်နှာသစ်နေစဉ်နှင့်
ပန်းကန်ဆေးကြောနေစဉ်အတွင်း
ရေပိုက်ခေါင်းကို
အမြဲပိတ်ထားပါ။



ကမ္ဘာ့နံပါတ်တစ် ရီဘာကီနာ WTA Finals ပြိုင်ပွဲမှ နုတ်ထွက်

ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် အယ်လီနာ ရီဘာကီနာသည် အဖျားရောဂါကြောင့် WTA Finals ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် ရီဘာကီနာသည် ၂၀၂၆ ခုနှစ်တွင် ဩစတြေးလျအိုးပင်းနှင့် ယူအက်စ် အိုးပင်းပြိုင်ပွဲတို့တွင် ဖလားဆွတ်ခူးထားပြီး အမျိုးသမီး တစ်ဦး ချင်းပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ထိပ်တန်း တင်းနစ်မယ်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

ၦင်းသည် WTA Finals ပြိုင်ပွဲတွင် နှစ်နှစ်ဆက် ဖလားဆွတ်ခူးကာ ၂၀၁၄ ခုနှစ်နောက်ပိုင်း အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံ၏ အောင်မြင်မှုကို လိုက်မီရန် ရည်ရွယ်ထားခဲ့သည်။ သို့သော်လည်း ရီဘာကီနာသည် အင်ဒီးယန်းဝဲလ်တွင် ၎င်း၏ ချန်ပီယံဆုကို ကာကွယ်နိုင်တော့မည် မဟုတ်ကြောင်း ပြိုင်ပွဲမစတင်မီ ကြေညာခဲ့ခြင်းဖြစ်သည်။

ရီဘာကီနာသည် ယူအက်စ်အိုးပင်း ပြိုင်ပွဲတွင် ဘယ်လာရုစ်ထိပ်တန်းတင်းနစ်မယ် ဆာဘယ်လင်ကာကို အနိုင်ယူကာ ကမ္ဘာ့အဆင့် (၁) နေရာကို ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီ ဂရင်း ဆလမ်းပြိုင်ပွဲတွင် ၁၉ ပွဲ ယှဉ်ပြိုင် ကစားခဲ့ပြီး ၁၇ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။

ခြေစွမ်းသာသော်လည်း နော်တင်ဟမ်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် မန်စီးတီး

ပရီမီယာလိဂ်ပွဲစဉ် (၁၀) အဖြစ် စီးတီးဂရောင်းကွင်း၌ နိုဝင်ဘာ ၈ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် နော်တင်ဟမ် ဖောရက်စ်နှင့် မန်စီးတီးအသင်း ပွဲစဉ်တွင် နော်တင်ဟမ်ဖောရက်စ် အသင်းက တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် နော်တင်ဟမ်အသင်းတိုက်စစ်ကစားသမား ဒီလပ်အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ နော်တင်ဟမ်အသင်းသည် ယခုနိုင်ပွဲ ရလဒ်ကြောင့် ယခုနှစ်ရာသီတွင် ပထမဆုံးအိမ်ကွင်းနိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။



မန်စီးတီးအသင်းသည် နော်တင်ဟမ်အသင်းကို ရှုံးနိမ့်ခဲ့သော ကြောင့် ဦးဆောင်သူ အာဆင်နယ် အသင်းနှင့်ရမှတ်ကွာဟမှု ခြောက် မှတ်အထိ ရှိလာပြီ ဖြစ်သည်။

အခြားပွဲစဉ် ရလဒ်များတွင် အဲဗာတန်က ကိုဗင်ထရီကို သုံး ဂိုး-တစ်ဂိုး၊ လီဒ်စ်က စပါးကို တစ်ဂိုး-ဂိုးမရှိ၊ အာဆင်နယ်က ဟားလ်စီးတီးကို တစ်ဂိုး-ဂိုးမရှိ ဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ပြီး ဖူလ်ဟမ်နှင့် နယူးကာဆယ်အသင်း ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေ ကျခဲ့သည်။



ဟတ်ချင်ဆန်က ဘူအတ်ဆီကို အနိုင်ယူပြီး WBC လိုက်ဟဲဗီးဝိတ်ချန်ပီယံခါးပတ် ဆွတ်ခူး

ဖြတိန်လက်ဝှေ့သမား ဝီလီဟတ်ချင်ဆန်သည် မန်ချက်စတာမြို့တွင် ကျင်းပခဲ့သည့် ပွဲစဉ်တွင် လက်ဝှေ့ကစားသမားဘဝတစ်လျှောက် အကောင်းဆုံးစွမ်းဆောင်ရည်ကို ပြသကာ ဂျိုရှုအာ ဘူအတ်ဆီကို အနိုင်ယူပြီး WBC လိုက်ဟဲဗီးဝိတ်ချန်ပီယံခါးပတ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် ဟတ်ချင်ဆန်သည် ဒိုင်လူကြီးများ၏ ၁၁၇-၁၁၂၊ ၁၁၅-၁၁၃၊ ၁၁၅-၁၁၃ အမှတ်ပေးမှုဖြင့် နိုင်ပွဲရရှိကာ ၂၀၂၄ ခုနှစ်က ရှုံးကြွေးကို ပြန်ဆပ်နိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ်ကို ကနဦး တွင် ကြားဖြတ်ချန်ပီယံခါးပတ်လုပွဲအဖြစ် ကျင်းပမနှင် စီစဉ်ထားသော်လည်း အမေရိကန်လက်ဝှေ့သမား ဒေးဗစ်ဘီနာဘီဒက်ဇ်က ခရမ္ဘာဝိတ်တန်း တက်လှမ်းရန် WBC ခါးပတ်ကို စွန့်လွှတ်ခဲ့ပြီးနောက် အဆင့်မြှင့်တင်ပေးခဲ့ခြင်း ဖြစ်သည်။

ဟတ်ချင်ဆန်သည် ဖြတိန်၏ အဋ္ဌမမြောက် လိုက်ဟဲဗီးဝိတ် ချန်ပီယံဖြစ်လာခဲ့သည်။ ထို့အပြင် ၎င်းသည် ၂၀၁၇ ခုနှစ်က နေသန် ကလီဗာလေပြီးနောက် ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

၎င်းသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့ကစားသမားဘဝ တစ်လျှောက်တွင် နိုင်ပွဲ ၂၁ ပွဲအထိ တိုးမြှင့်နိုင်ခဲ့သည်။ ပြိုင်ဘက် လက်ဝှေ့သမား ဘူအတ်ဆီသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့ပွဲ ၂၂ ပွဲမြောက်တွင် ဒုတိယမြောက် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့သည်။

မေဂျာလိဂ်ရွှေပိန်ပ်ဆု ဆွတ်ခူးပြီး မှတ်တမ်းသစ် ရေးထိုးလိုက်သည့် မက်ဆီ

အင်တာမိုင်ယာမီအသင်း တိုက်စစ်ကစားသမား လီယွန်နယ် မက်ဆီသည် မေဂျာလိဂ်သုိင်းတစ်လျှောက်တွင် ရွှေဖိနပ်ဆုကို ဆက်တိုက်ဆွတ်ခူးနိုင်သည့် ပထမဆုံးကစားသမား အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဘလွန်းဒီအော်ဆု ရှစ်ကြိမ်ဆွတ်ခူးရရှိထားသော မက်ဆီသည် အင်တာမိုင်ယာမီအသင်းအတွက် ၃၁ ပွဲပါဝင်ကစားထားပြီး ၂၆ ဂိုးသွင်းကာ ဂိုးဖန်တီးမှု ၁၃ ကြိမ်အထိ ပြုလုပ်ထားသည်။

ၦင်းသည် အက်ဖ်စီဒါးလပ်စ်အသင်း တိုက်စစ်ကစားသမား ဝိတာမူဆာကို လေးဂိုး အသာဖြင့် ရွှေဖိနပ်ဆု ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ မက်ဆီသည် အဆိုပါဆုကို နှစ်ကြိမ် ဆွတ်ခူးနိုင်သည့် ဆဋ္ဌမမြောက် ကစားသမား အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

မက်ဆီသည် ယခုနှစ်အစောပိုင်းတွင် အာဂျင်တီးနားအသင်းမှ အနားယူထားသူ ဖြစ်သည်။ အသက် ၃၉ နှစ်အရွယ် အာဂျင် တီးနား တိုက်စစ်ကစားသမားဟောင်း မက်ဆီသည် အင်တာမိုင်ယာမီအသင်းသို့ ပြောင်းရွှေ့ ရောက်ရှိလာပြီးနောက် ၂၀၂၅ ခုနှစ်တွင် မေဂျာလိဂ်ဖလား ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးထားသည်။

အင်တာမိုင်ယာမီအသင်းသည် ယခုလနှောင်းပိုင်းတွင် ကျင်းပမည့် မေဂျာလိဂ်ဖလား ရှုံးထွက် ပထမအကျော့အဖြစ် ကိုလံဘတ်စ် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



ဟောင်ကောင်အိုးပင်းတင်းနစ် အမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲ ကလဲယား အနိုင်ရဗိုလ်စွဲ



အမေရိကန်တင်းနစ်မယ် ကလဲယားလျူသည် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် ဟောင်ကောင်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဖိလစ်ပိုင်ထိပ်တန်းတင်းနစ်မယ် အလက်ဇန်းဒါး အယ်လာကို ၆-၃၊ ၆-၀ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ပထမဆုံး အကြိမ် တစ်ဦးချင်းဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။


ကလဲယားသည် အယ်လာကို အနိုင်ရရှိရန် တစ်နာရီနှင့် ၃၃ မိနစ်ကြာ ယှဉ်ပြိုင်ကစားခဲ့ရသည်။ ဟောင်ကောင်အိုးပင်းတင်းနစ် ပြိုင်ပွဲသည် WAT 250 အဆင့်ရှိ ပြိုင်ပွဲအမျိုးအစားဖြစ်ပြီး ဆက္ကရီ၊ ဆာစတီယာ၊ ဆွန်မက်ဖ်၊ ဆမ်ဆိုနိုဗာစသည့် နာမည်ကြီးတင်းနစ် မယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ကလဲယားသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးကျင်းပခဲ့သည့် ကွမ်ကျိုးအိုးပင်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်အထိသာ တက် လှမ်းနိုင်ခဲ့သည်။

ချန်ပီယံရှစ်အမှတ်ပေးဇယား ဘာမင်ဂမ် ဦးဆောင်

ဘာမင်ဂမ်အသင်းသည် နိုဝင်ဘာ ၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံရှစ် ပွဲစဉ် (၁၅) တွင် ဆွမ်ဆီးအသင်းကို အကြိတ်အနယ်ကစား ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီးနောက် ဒုတိယနေရာမှ မစ်ဒယ်ဘရော့ အသင်းနှင့် ရမှတ် ၂၉ မှတ်တူ ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေး ဇယားကို ဦးဆောင်နိုင်ခဲ့သည်။ ဆွမ်ဆီးအသင်းနှင့်ပွဲစဉ်တွင် ဘာမင်ဂမ် အသင်း တိုက်စစ်ကစားသမား စတန်ဖီးလ် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းရရှိသည့် နှစ်ဂိုးစလုံးကို သွင်းယူပေးနိုင်ခဲ့သည်။ ၎င်းသည် အဆိုပါသွင်းဂိုးများကြောင့် ယခုနှစ်ရာသီ ချန်ပီယံရှစ်ပြိုင်ပွဲတွင် သွင်းဂိုး လေးဂိုး ရှိလာပြီဖြစ်သည်။ ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ် (၁၅) ယှဉ်ပြိုင်ကစား အပြီးတွင် ရမှတ်အနည်းဆုံး စုဆောင်းရရှိသည့် ဘန်လေ၊ ဒါဘီနှင့် ပရက်စတန်အသင်းတို့ တန်းဆင်းဇုန်အတွင်း ရပ်တည်နေသည်။

■ မိုးဇော်-စုစည်းရေးသားသည်



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရုစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Verb (ကြိယာ) များနဲ့ပတ်သက်ပြီး Kinds of Verbs (ကြိယာအမျိုးအစားများ) အကြောင်းကို ရှင်းလင်းဖော်ပြတဲ့နေရာမှာ အသုံးများတဲ့ Common Transitive Verbs တွေကို ဖော်ပြပေးလိုက်ပါတယ်။ စကားပြော ခန်းမှာလည်း အရင်အပတ်ကဖော်ပြခဲ့တဲ့ Shortest way to talk about airport English–4 (လေဆိပ်မှာ ဘယ်လိုပြောမလဲ) ရဲ့အဆက်ဖြစ်တဲ့ "Order a meal"ကို ထင်းခနဲ့ လင်းခနဲ့နဲ့ မှတ်မိလွယ်အောင် ရှင်းလင်း ချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာအစီအစဉ်)အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ သီတင်းကျွတ်အခါသမယမှာ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

GRAMMAR

Basic to Intermediate

Grammar

အရင်အပတ်က ဖော်ပြခဲ့တဲ့ Common Transitive Verbs ရဲ့ အဆက်ကို ဆက်လက်ဖော်ပြလိုက်ပါတယ်။

အသုံးများသည့် v.t (Verb Transitive) များ

81. hear = ကြားသည်။
82. help = ကူညီသည်။
83. hit = ရိုက်သည်။ ထုသည်။ ထိုးကြိတ်သည်။
84. hold = ကိုင်ထားသည်။
85. improve = တိုးတက်သည်။
86. insult = စော်ကားသည်။
87. keep = သိမ်းထားသည်။ မွေးထားသည်။
88. kick = ကန်သည်။
89. knit = သိုးမွေးထိုးသည်။ ဇာပန်းထိုးသည်။
90. know = သိသည်။
91. lay = ဥ ဥသည်။ ခင်းသည်။ ချသည်။
92. leave = ထွက်ခွာသည်။ ချန်ရစ်သည်။
93. lead = လမ်းပြသည်။ ခေါင်းဆောင်သည်။
94. let = ခွင့်ပြုသည်။ ..... ကြစို့။
95. like = ကြိုက်သည်။ နှစ်သက်သည်။
96. lock = သော့ခတ်သည်။
97. lose = ပျောက်ဆုံးသည်။ ဆုံးရှုံးသည်။
98. love = ချစ်သည်။ မေတ္တာမျှသည်။ အလွန်ကြိုက်သည်။
99. make = ပြုလုပ်သည်။
100. manage = စီမံအုပ်ချုပ်သည်။
101. mark = အမှတ်အသားပြုသည်။
102. marry = လက်ထပ်သည်။
103. mean = ဆိုလိုသည်။
104. meet = တွေ့ဆုံသည်။
105. name = အမည်ပေးသည်။
106. obey = လိုက်နာသည်။
107. offer = ကမ်းလှမ်းသည်။ ပေးလှူသည်။
108. oppose = ဆန့်ကျင်သည်။
109. own = ပိုင်သည်။
110. pass = ဖြတ်ကျော်သည်။ အောင်သည်။
111. pay = ပေးချေသည်။
112. permit = ခွင့်ပြုသည်။
113. pick = ကောက်ယူသည်။
114. place = ထားသည်။ နေရာချသည်။
115. please = ကျေနပ်နှစ်သက်သည်။
116. pour = သွန်းလောင်းသည်။
117. practise = လေ့ကျင့်သည်။
118. predict = ကြိုပြောသည်။
119. prefer = ပိုနှစ်သက်သည်။
120. prepare = ပြင်ဆင်သည်။
121. press = ဖိသည်။ နှိပ်သည်။
122. produce = ထုတ်လုပ်သည်။
123. promise = ကတိပြုသည်။
124. protect = ကာကွယ်သည်။
125. pull = ဆွဲသည်။
126. push = တွန်းသည်။
127. put = ထားသည်။
128. raise = မြှောက်တင်သည်။
129. reap = ရိတ်သိမ်းသည်။
130. recall = သတိရသည်။ ပြန်ခေါ်သည်။
131. receive = လက်ခံရရှိသည်။
132. record = မှတ်တမ်းတင်သည်။ အသံသွင်းသည်။
133. refer = ရည်ညွှန်းသည်။
134. remind = သတိပေးသည်။
135. remove = ဖယ်ရှားသည်။
136. respect = ရိုသေလေးစားသည်။
137. repair = ပြုပြင်သည်။
138. ride = စီးနင်းသည်။
139. return = ပြန်ပေးသည်။ ပြန်လာသည်။
140. rid = (ကသိကအောက်ဖြစ်စေမှမှ သို့မလိုလားမှမှ) ကင်းလွတ်သည်။

VOCABULARY ENRICHMENT PROGRAMME

ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်

❖ **by accident = (မတော်တဆ။)**
I found it by accident.
ကျွန်တော်ဒါကို မတော်တဆ တွေ့ခဲ့တယ်။

❖ **by all means = (သေချာပေါက်ရပါတယ်။)**
By all means, come in.
သေချာပေါက် လာခဲ့ပါ။

❖ **by and large = (ယေဘုယျအားဖြင့်)**
By and large, people agreed.
ယေဘုယျအားဖြင့်တော့ လူတွေက သဘောတူခဲ့ကြတယ်။

(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။
နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)

CONVERSATION



Shortest way to talk about airport English-4 (လေဆိပ်မှာ ဘယ်လိုပြောမလဲ) မှအဆက်

ဒီတစ်ပတ်မှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ လေယာဉ်ပေါ်မှာကြုံတွေ့နိုင်တဲ့ အဆင်မပြေမှုတွေကို ဘယ်ပုံဘယ်နည်းပြောဆို သုံးနှုန်းရမလဲဆိုတဲ့ "Shortest way to talk about airport English–4" ရဲ့ နောက်ဆက်တွဲဖြစ်တဲ့ "Order a meal" ကို ဖော်ပြလိုက်ပါတယ်။

Can I help you?

I ordered a special meal online, ….

Oh, I'm sorry, …

I'm very sorry about that …

We can offer you an upgrade to business class, …

◆ Can I help you? ဆိုင်တစ်ဆိုင် သို့မဟုတ် ဟိုတယ်၊ လေဆိပ်စသည့်နေရာများသို့ ဝယ်သူ/ဧည့်သည် ရောက်ရှိလာချိန်တွင် ဝန်ထမ်းများက **"ဘာကူညီပေးရမလဲခင်ဗျာ/ရှင်?"**ဟု ဖော်ရွေစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ရာ၌ သုံးပါသည်။ ဥပမာ – "Welcome to our hotel! **Can I help you?**"(ကျွန်ုပ်တို့ရဲ့ ဟိုတယ်မှ ကြိုဆိုပါတယ်! ဘာကူညီပေးရမလဲခင်ဗျာ။)

◆ "I ordered a special meal online, …" ဝယ်သူ (Customer) ဘက်မှမိမိမှာယူထားသည့် အရာတစ်ခုခုနှင့် ပတ်သက်ပြီး ပြောဆိုရာတွင် သုံးပါသည်။ ဥပမာ – လေယာဉ်ပေါ် သို့မဟုတ် စားသောက်ဆိုင်တစ်ခုတွင် **"ကျွန်တော် အွန်လိုင်းကနေ အထူးအစားအစာ (သက်သတ်လွတ် သို့မဟုတ် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာ) မှာထားခဲ့လို့ပါ..."** ဟု ဝန်ထမ်းကို အသိပေး ပြောကြားခြင်း ဖြစ်သည်။ ဥပမာ – **"I ordered a special meal online,** but I haven't received it yet." (ကျွန်တော် အွန်လိုင်းကနေ အထူးအစားအစာ မှာထားခဲ့လို့ပါ၊ ဒါပေမဲ့ အခုထိ မရသေးလို့ပါ။)

◆ "Oh, I'm sorry, … I'm very sorry about that…" ဝန်ထမ်းဘက်မှ အမှားအယွင်းတစ်ခုခု ဖြစ်သွားသည့်အတွက် ဝယ်သူကို **"ဩော်.. စိတ်မကောင်းပါဘူးခင်ဗျာ/ရှင်၊ အဆင်မပြေဖြစ်သွားတဲ့အတွက် တကယ်ပဲ တောင်းပန်ပါတယ်"**ဟု အလေးအနက် ရိုရိုသေသေ တောင်းပန်သည့်အခါ သုံးပါသည်။ နမူနာ – **"Oh, I'm sorry, I'm very sorry about that.** Let me check with the kitchen right now." (ဩော်.. စိတ်မကောင်းပါဘူးခင်ဗျာ၊ အဆင်မပြေဖြစ်သွားတဲ့အတွက် တကယ်ပဲ တောင်းပန်ပါတယ်။ မီးဖိုချောင်ကို အခု ချက်ချင်း စစ်ဆေးပေးပါ့မယ်။)

◆ "We can offer you an upgrade to business class, …" အမှားအယွင်းအတွက် တောင်းပန်သောအားဖြင့် သော်လည်းကောင်း၊ ဝန်ဆောင်မှု ပိုမိုကောင်းမွန်စေရန် သော်လည်းကောင်း လေကြောင်းလိုင်းဝန်ထမ်းက **"လူကြီးမင်းကို စီးပွားရေးလုပ်ငန်းသုံးအဆင့် (Business Class) သို့ အခမဲ့ အဆင့်မြှင့်တင် (Upgrade) ပေးနိုင်ပါတယ်"** ဟု ကမ်းလှမ်းရာတွင် သုံးပါသည်။ နမူနာ – "To make up for the mistake, **we can offer you an upgrade to business class** for this flight." (အမှားအယွင်းအတွက် တောင်းပန်တဲ့အနေနဲ့ ဒီခရီးစဉ်မှာ လူကြီးမင်းကို Business Class အဆင့်မြှင့်တင်ပေးပါရစေ။)

Order a meal

Flight Attendant: Hello, can I help you?

Passenger: Yes, I ordered a special meal online, but it hasn't arrived yet.

Flight Attendant: Okay, I can go and check; which meal did you order?

Passenger: The gluten free option.

Flight Attendant: Oh, I'm sorry, I think there has been a mistake. We just gave out the last gluten free meal.

Passenger: But I ordered it online!

Flight Attendant: I'm so sorry, there must have seen some confusion. You can have anything else from our menu.

Passenger: I can only eat gluten-free dishes, so that's no use. Also my screen's not working!

Flight Attendant: I'm very sorry about that, ma'am.

Passenger: It's a twelve–hour flight! What am I supposed to do? No food, and no TV.

Flight Attendant: Ma'am, we can offer you an upgrade to business class, so that you have a working TV screen.

Passenger: Business class? Let's go!

Flight Attendant: Follow me, please, ma'am.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၂၉၅၄၆၂ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

တောင်ငူမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် အားကစားပွဲများ ကျင်းပ

တောင်ငူ နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏



(၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၇ ရက်တွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် ဇနီး၊ ဝန်ထမ်းများက တောင်ငူမြို့ မြစည်းခုံစာသင်ကျောင်းတိုက်ရှိ သံဃာတော်အရှင်မြတ်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက အငြိမ်းစားဝန်ထမ်းများအား ကန်တော့ခြင်း၊ အားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိဗ္ဗာန်ဆိပ်ဦး မဟာဓမ္မဗိမာန်တော်ကြီး၌ နိုဝင်ဘာ ၆ ရက်က အသံစဲမဟာပဋ္ဌာန်းကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက ဆရာတော်များထံမှ အနုမောဒနာတရားများ နာယူကြည်ညိုကြပြီး အလှူငွေများ လှူဒါန်းစဉ်။

အိမ်ရွှေစင်လတ်

လယ်ဝေးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

လယ်ဝေး နိုဝင်ဘာ ၈



ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယမန်နေ့က သစ်ပုတ်ပင်ကျေးရွာကုန်ကော်တစ်ထောင် ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဌေး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။ ပြည်သူ့စကားဝိုင်းသို့ သစ်ပုတ်ပင်၊ ပင်ငါးမြောင်၊ ချောင်းခွ၊ လျှော်ဖြူ သရက်ချောင်း စသည့်ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ကျေးရွာမီးလင်းရေး၊ ဆိုလာရေတင်စနစ်၊ ကုန်ထုတ်လမ်းနှင့် ဆေးပေးခန်း စသည့်လိုအပ်ချက်များအား မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ နိုဝင်ဘာ ၆ ရက်က အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်နိုင်ရန် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှမျိုးသူက အသိပညာပေးပြောကြားစဉ်။

ဆက်လူ

ကလေးမြို့နယ်၌ ဆောင်းရာသီ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်လှစ်

ကလေး နိုဝင်ဘာ ၈



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကလေးမြို့နယ်ပညာရေးမှူးဖလား ဆောင်းရာသီအားကစားပွဲတော် အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြဝတီကျောင်းဆောင်ရှေ့၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကီးခိုးရိုးနှင့် မြို့နယ်ပညာရေးမှူး ဦးဆယ်ဦးတို့ တက်ရောက်ကြပြီး အားကစားသမားများက သစ္စာဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

အဆိုပါ အားကစားပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းပေါင်း ၃၄ သင်းမှ အသက် ၁၈ နှစ်အောက် ပြိုင်ပွဲဝင်ကစားသမား၈၈၀ တို့က ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်နှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)



ရေဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မီးလောင်မှုနှင့် မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် နိုဝင်ဘာ ၇ ရက်က ကံကလေးအုပ်စုရှိ စက်သုံးဆီအရောင်းဆိုင်များကို ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်သူရ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ စစ်ဆေးစဉ်။

ဝင်းကြိုင်(ပြန်/ဆက်)

တောင်သာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၈)နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

တောင်သာ နိုဝင်ဘာ ၈



မန္တလေးတိုင်းဒေသကြီးတောင်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၈) နှစ်မြောက်ဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆိုပါအခမ်းအနားတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်နိုင် တက်ရောက်ပြီး ဝန်ထမ်းများက ထာဝရသစ္စာသီချင်းဖြင့် ကပြဖျော်ဖြေခြင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်းအား ဗီဒီယို ကလစ်ဖြင့် ပြသခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီချင်းကို သီဆို‌ဖျော်ဖြေခြင်းနှင့် စည်းလုံးချင်းအတွက် သီချင်းဖြင့် ပျော်ရွှင်စွာ ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

ကျော်မျိုးနိုင်(တောင်သာ)



သနပ်ပင်မြို့နယ်သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ စည်းဝေး

သနပ်ပင် နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကို ယမန်နေ့ နံနက်ပိုင်းက သနပ်ပင်မြို့နယ် သမဝါယမဦးစီးဌာနခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နေလင်းညိုနှင့် တိုင်းဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌက သမဝါယမအသင်းဥပဒေသစ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သမဝါယမအသင်းစည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေးပြီး အမှုဆောင် ဒါရိုက်တာ ငါးဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့ကို ရွေးချယ်ခဲ့သည်။

ညီပြာ(ပြန်/ဆက်)

ကြို့ပင်ကောက်မြို့နယ်၌ သောက်သုံးရေရှားပါးမှု မဖြစ်ပေါ်စေရေးနှင့် အပူဒဏ်အန္တရာယ် ကာကွယ်ရေးအသိပညာပေး

ကြို့ပင်ကောက် နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးမှု မဖြစ်ပေါ်စေရေးနှင့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ကျောက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ဦးစီးမှူးများက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်း နိုင်ငံများတွင် အပူချိန်လွန်ကဲမြင့်မားခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်းနှင့် မိုးခေါင်ရေရှားမှုပြဿနာများကို ရင်ဆိုင်ရလေ့ရှိသည့် အတွက် သောက်သုံးရေရှားပါးမှု မဖြစ်ပေါ်စေရေး ရေစုကန်များနှင့် ရေအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းသုံးစွဲရန်နှင့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာများကို ဆွေးနွေးပြောကြားသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲကို ကြို့ပင်ကောက်မြို့နယ် ကျောက်ဝကျေးရွာအုပ်စုအတွင်းရှိ ကျောက်ဝကျေးရွာအပါအဝင် ကျေးရွာ ၁၁ ရွာမှ ကျေးရွာနေပြည်သူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

သန်းလွင်(မကွေး)

ရေသည် အသက် ရေအသက် တစ်မနက် မြေအောက်ရေကို ထိန်းသိမ်းပါ

မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၈

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် ဗဟိုအဆင့် အဆို၊ အင၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသူများက အကအလှများဖြင့် သီဆိုကပြ ဖျော်ဖြေကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်က အမှာစကားပြောကြားကာ ၂၀၂၆ ခုနှစ်အတွင်း မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တစ်နှစ်တာ လှုပ်ရှားမှုဓာတ်ပုံများအား ဖွင့်လှစ်ပြသပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဆုရရှိသူများအား ဂုဏ်ပြုဆုများနှင့် ဝန်ထမ်းများအား ဌာနဝတ်စုံနှင့် အမှတ်တရ



လက်ဆောင်များ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

စည်သူ(ပြန်/ဆက်)

မင်္ဂလာဒုံမြို့နယ်၌ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ကျန်ရစ်သူ (ငွေလုံးငွေရင်း)ထုတ်ပေး

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျိုးဝင် မှတ်ပုံတင်ထားသည့် ဆေးဝါးစက်ရုံ (အင်းစိန်)မှ အာမခံအလုပ်သမား ဦးမင်းမင်းထွန်း၏ လုပ်ငန်းခွင် ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူ (ငွေလုံးငွေရင်း) ထုတ်ပေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းခွန်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး လုပ်ငန်းခွင်ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူ (ငွေလုံးငွေရင်း)ကို အာမခံအလုပ်သမား ဦးမင်းမင်းထွန်း၏ ဇနီး ဒေါ်သက်မာလာခိုင်အား အကျိုးခံစားခွင့် ငွေကျပ် ၄၃၅၆၀၀၀ ကို ၎င်းထံသို့ အလုပ်ရှာနတာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၊ မိသားစုဝင်များ ရှေ့မှောက်၌ ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မူဆယ်မြို့ တောင်ရပ်ကွက်ရှိ မောက်ကွဏ်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်



မူဆယ် နိုဝင်ဘာ ၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ တောင်ရပ်ကွက်ရှိ မောက်ကွဏ်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါလမ်းမုခဦးဌာနချင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်တောင်နှင့် ဦးMအောင်ဂျာ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်း၊ စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိဦးမျိုးနိုင်ဦးနှင့် တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အရှည်ပေ ၁၀၈၀၊ အကျယ် ၂၅ ပေဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးဌာန ခွင့်ပြုငွေနှင့် ရပ်ကွက်နေပြည်သူများ၏ ထည့်ဝင်ငွေအပါအဝင် စုစုပေါင်း ငွေကျပ် ၂၄၁၀၇၉၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ညောင်ရွှေမြို့ မြို့မ မင်္ဂလာဈေး၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အသိပညာပေး

ညောင်ရွှေ နိုဝင်ဘာ ၈

လတ်တလောဖြစ်ပေါ်နေသည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အသိပညာပေးခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်မှုဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၆ ရက်က ညောင်ရွှေမြို့ မြို့မ မင်္ဂလာဈေးအတွင်း မြို့နယ်မီးသတ်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဌာနနှင့် ဈေးသူဈေးသားများ ပူးပေါင်းဆောင်ရွက်ခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုင်းလောဝံခမ်းက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရမည့်အချက်များကို အသိပညာပေးပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ မီးသတ်ဆေးဘူး



အသုံးပြုပုံနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း လုပ်ငန်းစဉ်များကို ဈေးသူဈေးသားများနှင့် ပူးပေါင်းဆောင်ရွက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို လိုက်လံစစ်ဆေးခဲ့ကြသည်။

စိုင်းအယ်ဘဲ



သုံးရေ ချွေတာသုံးစွဲရေး

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကို စုဆောင်းသိုလှောင်ပြီး ချွေတာရာ ရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါ။

၂၀၂၇ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအဖွင့်ပွဲတွင် မြန်မာအသင်း အာဖဂန်နစ္စတန်အသင်းကို ဂိုးပြတ်ရှုံးနိမ့်

ရန်ကုန် နိုဝင်ဘာ ၈

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၂၇ အာရှဖလား ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(A) အဖွင့်ပွဲစဉ်အဖြစ် ယနေ့ ညနေ ၃ နာရီက မြန်မာ ယူ-၁၇ အသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အာဖဂန်နစ္စတန်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ် အနိုင်ရခဲ့သည်။

အာဖဂန်နစ္စတန်အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၉ မိနစ်တွင် ကာဒရီနှင့် ၁၅ မိနစ်၊ ၂၂ မိနစ်နှင့် ၄၉ မိနစ်တို့တွင် ဖာဟင်ဟမ်မာစစ်တို့က သွင်းယူပေးခဲ့ပြီး မြန်မာယူ-၁၇ အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၆ မိနစ်တွင် ထက်နိုင်ဦးက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။

အိမ်ရှင် မြန်မာယူ-၁၇ အသင်းသည် အုပ်စု (A) ၌ အာဖဂန်နစ္စတန်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားတို့နှင့် ကျရောက်နေပြီး ပွဲစဉ်များကို သုဝဏ္ဏကွင်းနှင့် စတားစီးတီးကွင်းတို့၌ နိုဝင်ဘာ ၈ ရက်မှ ၂၀ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ မြန်မာအသင်းသည် နိုဝင်ဘာ ၁၄ ရက်တွင် ဖိလစ်ပိုင်၊ ၁၇ ရက်တွင် ကမ္ဘောဒီးယား၊ ၂၀ ရက်တွင် အင်ဒိုနီးရှားတို့နှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

စတားစီးတီးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု(A) နောက်ထပ်ပွဲစဉ်တစ်ပွဲတွင် ဖိလစ်ပိုင်အသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နေမျိုး၊ ဓာတ်ပုံ-MFF



◆ *ကျောဖုံးမှ*

ယနေ့ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်များတွင် အမှတ်ပေးဇယား အဆင့်(၂) နေရာမှ Victoria အသင်းက Avengers Junior အသင်းကို ၁၁ ဂိုး-လေးဂိုး၊ FFU MinMaHaw အသင်းက TKA Stars အသင်းကို လေးဂိုး-နှစ်ဂိုး၊ Mahar Burma အသင်းက Jullniss အသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ United City အသင်းက Bushido အသင်းကို ငါးဂိုး-လေးဂိုး၊ Pacific Sun Far အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ငါးဂိုး-လေးဂိုး ဖြင့် အနိုင်ရရှိခဲ့ကြသည်။

အပတ်စဉ်(၁၈) ပွဲစဉ်များအပြီးတွင် SGF Youth အသင်းက ၄၇ မှတ်၊ Victoria အသင်းက ၄၄ မှတ်၊ FFU MinMaHaw အသင်းက ၃၆ မှတ်၊ Pacific Sun Far အသင်းက ၃၅ မှတ်၊ Mahar Burma က ၃၄ မှတ်၊ United City က ၂၈ မှတ်၊ Avengers Junior အသင်းက ၂၇ မှတ်၊ Jullniss FC က ၂၄ မှတ်၊ TKA Stars FC က ၁၉ မှတ်၊ Bushido FC က ၁၀ မှတ်၊ MAR Rein အသင်းက ၅ မှတ်နှင့် ရွှေပြည်သာယူနိုက်တက်က ၄ မှတ် ရရှိထားသည်။

နေမျိုး၊ ဓာတ်ပုံ-MFF



နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ရဲဝံ့စွန့်စားစွာ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေဒေယျာသီရိမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စိုးလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။


တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေး၊ အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်း သာယာရေးတို့အတွက် အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်များဖြင့် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို ရဲဝံ့စွန့်စားစွာ ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အင်းစိန်မြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၇ ရက်က ကျင်းပရာ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော မိတ်ဖက်ဌာနအဖွဲ့အစည်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဥာဏ်လင်း



တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကလိန်အောင်မြို့ရှိ နယ်မြေမီးသတ်စခန်း၌ နိုဝင်ဘာ ၈ ရက်က ရဲတံခွန်လူမှုစီးပွားဖွံ့ဖြိုးမှုစီမံကိန်းမှ ကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ရာ ကံပေါက်ဒေသရှိ ရဲတံခွန်လူမှုစီးပွားဖွံ့ဖြိုးမှုစီမံကိန်းမှ ကံပေါက်တာဝန်ခံ ဒေါ်လှမိုးနွယ်က မီးဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကလိန်အောင်နယ်မြေမီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးဆွေဦးထံသို့ YAMABISI Water pump ရေစုပ်စက် တစ်လုံး၊ စက်ရှင်ပိုက်– ၁၅ ပေ၊ NB411 (2 Stroke) မြက်ခုတ်စက် တစ်လုံးနှင့် မိုက်နှစ်လုံးပါ 81 Speaker တစ်လုံးတို့ကို ပေးအပ်လှူဒါန်းစဉ်။

ကလိန်အောင်(ပြန်/ဆက်)





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၀ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိဝင်ဘာ ၈

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၀ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုပြုပြေမြေပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးလျက်ရှိသည့် တရားမဝင် ၆ ထပ်အဆောက်အအုံ ၁ လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့်အတွက် ယနေ့အထိ တရားမဝင် အဆောက်အအုံ ၁၀ လုံး ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ထပ်မံ၍ ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆ လုံး စုစုပေါင်း အဆောက်အအုံ ၁၀ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေပြုနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၆) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။



မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသော နေရာ၊

(ခ) လမ်းဆုံလမ်းခွ၊

(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊

(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊

(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊

(စ) လမ်းကျဉ်းအတွင်း၊

(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊

(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊

(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊

(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊

(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊

(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊

(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးဥပဒေ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရပ်နန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဒြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။





ကျိုင်းတုံမြို့၌ သာသနာ့နွယ်ဝင် ရဟန်းသံဃာတော်များအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်

ကျိုင်းတုံ နိုဝင်ဘာ ၈

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုင်းတုံမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သာသနာ့နွယ်ဝင်များအား UID ကတ်များ ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က စိစစ်ဆောင်ရွက်ပေးပြီး UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်မြတ်သာ၊ ခရိုင်မှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ကျိုင်းတုံမြို့ သိလမွေကုန်းသာတောရကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သီရိပျံချီ ဘဒ္ဒန္တ ကောဝိဒ ဝစီပိတ်ဆရာတော်ထံ ဆက်ကပ်ပေးအပ်ခဲ့ကြောင်း သိရသည်။ အောင်ဇင်မြင့်(ပြန်/ဆက်)

ဟသ်တမြို့နယ်အတွင်းရှိ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ဟသ်တ နိုဝင်ဘာ ၈

ဟသ်တမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးဖယ်ထူ(မ)ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၈ ရက်တွင် ဟသ်တခရိုင် ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ကို ကျေးရွာသို့ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ မြို့နယ်(ကျေး/လက်)



ရပ်စောက်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

ရပ်စောက် နိုဝင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပုံမှန်ရာသီဥတုပြောင်းလဲမှုများအပေါ် လိုက်လျောညီထွေ သွားလာနေထိုင်ရေးနှင့် ရေသယ်ဇာတနှင့်တောမီးအန္တရာယ်များ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က ညောင်ပင်သာကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ တောင်ကြီးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်မင်းနှင့် တာဝန်ရှိသူများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းနှင့် သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးများ၊ သစ်တောသစ်ပင် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းအပေါ် ဒေသခံပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည်တို့ကို ဆွေးနွေးဟောပြောခဲ့ကြသည်။



ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



ခန္ဓီးမြို့၌ ခရိုင်မီးသတ်ဦးစီးဌာနကကြီးမှူး၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးနှင့် လက်တွေ့သရုပ်ပြခြင်းများကို နိုဝင်ဘာ ၈ ရက်က ဇီးဖြူကုန်းရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွဲ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်ဝိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသလေ့ကျင့်ပေးစဉ်။ ခရိုင်(ပြန်/ဆက်)

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ဂုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၀၂၅၅၃၄၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၀၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၅၅၃၀၊ ၀၅၈-၂၀၂၅၅၃၁၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၁၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၅၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဝဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၅၉၃၉၊ ၀၅၂-၂၂၀၅၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၄၅၅၊ ၀၂-၄၀၂၁၄၆၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၅-၂၅၄၀၅၅၊ ၀၅၅-၂၅၄၀၅၆၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၄၅၅၀၊ ၀၈၁-၂၁၄၄၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အဖြတ်မခံမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အဖြတ်မံမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဥဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိုယ်ထိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွေးတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းနိုင်လုံစွာတင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက် ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့် ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

